ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ အင်္ဂါနေ့။ Tuesday, 12 December 2023 ၁၁၃၀၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။

# ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို အမီလိုက်နိုင်ရန် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိနိုင်ငံအတွက် အကောင်းဆုံးအသုံးချ

## နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

**လက်ရှိဖြစ်နေတဲ့ စက်သုံးဆီပြဿနာဟာ တကယ်တမ်း စက်သုံးဆီအဝင်မရှိတော့လို့ ဖြစ်ပေါ်လာတဲ့ ပြဿနာလား၊ အခိုက်အတန့်အားဖြင့် ဆီဆိုင်တွေမှာ ဆီပြတ်လပ်သွားတာလား၊ လိုသလောက် ဝယ်လို့မရတော့ဘူးလား၊ ငွေကြေးကိစ္စကြောင့်လား စတဲ့မေးခွန်းတွေရဲ့ အဖြစ်မှန်ကို လက်တွေ့လေ့လာကြည့်တဲ့အခါ...**

ဆောင်းပါး စာမျက်နှာ » ၉

**စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး အလေးထား ဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

သတင်း စာမျက်နှာ » ၁၀

မြန်မာနိုင်ငံ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများနှင့် MNDAA၊ TNLA၊ AA အဖွဲ့တို့မှ တာဝန်ရှိသူများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် နိုင်ငံရေးအရဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်

သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက် စာမျက်နှာ » ၁၅

ကြေးမုံ

# နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော တပ်မတော်ဖြစ်ပြီး တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော တပ်မတော်ဖြစ်၍ နိုင်ငံတော်နှင့်ပြည်သူကို အစဉ်ထာဝရကာကွယ်စောင့်ရှောက် လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ တိုင်းတစ်ပါးကျွန်ဘဝမှ လွတ်မြောက်ရေး၊ ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်များမှလွတ်မြောက်ရေး၊ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံစိတ်ချမှုရှိစေရေးအတွက် မိဘ၊ သားသမီးသဖွယ်၊ ရဲဘော်ရဲဘက်စိတ်ထားများဖြင့် စောင့်ရှောက်ကာကွယ်ပေးလျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ရာ၌ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်ပကျူးကျော်မှုနှင့်ပြည်တွင်းသောင်းကျန်းမှုအန္တရာယ်များသာမက သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် တိုင်းပြည်တွင် အရေးပေါ်ကျရောက်လာသည့် အန္တရာယ်ဟူသမျှတိုင်းတွင် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ တပ်မတော်က နိုင်ငံတော်နှင့်ပြည်သူများအပေါ်တွင်ထားရှိသည့် စေတနာကို တုံ့ပြန်သောအားဖြင့် တိုင်းရင်းသားပြည်သူများက တပ်မတော်ကို အားပေးထောက်ခံကူညီပေးကြပြီး လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယခုနှစ် မေလ ၁၄ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်စဉ် နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်ဦးစီးပြီး သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကူညီစောင့်ရှောက်ပေးခဲ့သည်။ ယခုအောက်တိုဘာလ ၂၇ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် အခြားဒေသများတွင် MNDAA၊ TNLA၊ KIA၊ AA နှင့် PDF အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်အောင် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို လုယက်တိုက်ခိုက်ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ကြသောကြောင့် တိုင်းရင်းသားပြည်သူလူထုနှင့်ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

လတ်တလောတွင် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် လားရှိုးမြို့အနီးတစ်ဝိုက်နှင့် သိန္နီမြို့မှ တိုင်းရင်းသားပြည်သူ ၅၀၀၀ ခန့် နေရပ်မှ ယာယီစွန့်ခွာခဲ့ကြရသည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့က နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် နေရပ်စွန့်ခွာပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အဝတ်အထည်၊ ဆန်၊ စားသောက်ဖွယ်ရာများနှင့်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ဒေသခံပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူလူထု လက်တွဲပူးပေါင်းကာဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။ ထို့အပြင် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် စစ်သည်၊ မိသားစုဝင်များကိုလည်း ထောက်ပံ့ကူညီအားပေးခဲ့သည်။

အလားတူ လက်နက်ကိုင်သောင်းကျန်းမှုဒဏ်ကို ခံစားကြရသော အခြားဒေသများရှိ ပြည်သူများနှင့်စစ်သည်မိသားစုဝင်များကိုလည်း နိုင်ငံ့ခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်များက ပြည်သူကို မိဘသဖွယ် ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်လိုသောစိတ်၊ ရဲဘော်ရဲဘက်စိတ်တို့ဖြင့် နောက်တန်း၊ ရှေ့တန်း စစ်မျက်နှာနှင့် အနီးဆုံးနေရာများအထိသွားရောက်ပြီး အားပေးကူညီဆောင်ရွက်ပေးနေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ အလားတူ လက်နက်ကိုင်သောင်းကျန်းမှုကြောင့် နေရပ်စွန့်ခွာပြည်သူများအား ကူညီစောင့်ရှောက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ပရဟိတအဖွဲ့များနှင့် ပြည်သူအချင်းချင်း စာနာထောက်ထားသည့် အဝေးရောက်စေတနာရှင်များ၊ အလှူရှင်များ၊ ထောက်ခံအားပေးကူညီသူများအားလုံးကို နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ဂုဏ်ပြုအသိအမှတ်ပြုကျေးဇူးတင်ရမည်ဖြစ်သည်။

လက်နက်ကိုင်သောင်းကျန်းသူများ၏ ပြည်သူလူထုကို ထိခိုက်ပျက်စီးစေသော လုပ်ရပ်များနှင့် တပ်မတော်က ပြည်သူလူထုကို ကူညီစောင့်ရှောက်နေသောလုပ်ရပ်များကို ပြည်သူလူထုတစ်ရပ်လုံးက ကွဲပြားစွာသိရှိနေကြပြီဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်သောင်းကျန်းမှုများ အမြန်ဆုံးချုပ်ငြိမ်းရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့အတွက် ဝိုင်းဝန်းလက်တွဲကူညီဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အကြီးအကဲနှင့် တပ်မတော်အနေဖြင့် မိဘသဖွယ်စိတ်၊ ရဲဘော်စိတ်ဖြင့် နိုင်ငံတော်နှင့်ပြည်သူကို ခိုင်ခိုင်မာမာကာကွယ်စောင့်ရှောက်သွားမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။ ။




## တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။




အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့က စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၁-၁၂-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၁၇ | ၁၄၉,၆၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၈၄၆ | ၅,၃၅၇,၄၀၀ |
| MCB | ၇,၄၀၀ | ၇,၃၀၀ | ၈၀ | ၅၈၄,၂၀၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၁,၂၈၆ | ၂,၀၅၇,၆၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂၀၀ | ၄၈၀,၀၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၄၃၅ | ၈၆၁,၄၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၃ | ၁၄,၄၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၅၉၆ | ၁,၀၁၃,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက် အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ကောင်းခန့်ဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဘုန်းမြင့်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စိုင်းမင်းသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

★ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်နည်းပညာတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၈၁၉၇) ဗိုလ်လောင်း ကောင်းခန့်ဇော်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၈၂၆၂) ဗိုလ်လောင်း ဘုန်းမြင့်ကျော်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၈၂၂၄) ဗိုလ်လောင်း စိုင်းမင်းသန့်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

**မိန့်ခွန်းပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် အင်ဂျင်နီယာ ပညာရပ်သည် သင်္ချာပညာရပ်နှင့် သိပ္ပံပညာရပ်များကို သင်ယူမှု၊ လေ့လာမှု၊ လက်တွေ့ဆောင်ရွက်မှုများမှ တစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ဖန်တီးခြင်းဖြစ်ပြီး လူမှုအဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးစေရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ စက်ပစ္စည်းနှင့် ယာဉ်ယန္တရားများ၊ အခြားခေတ်မီ ရုပ်ဝတ္ထုပစ္စည်းများကို တီထွင်ထုတ်လုပ်မှုအတွက် အသုံးချရသည့် ပညာရပ်ဖြစ်ကြောင်း။

အမိတက္ကသိုလ်ကြီးက အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများအဖြစ် မွေးထုတ်ပေးရာတွင် အခြေခံကျသည့် အင်ဂျင်နီယာပညာရပ်များအပြင် သက်ဆိုင်ရာ ပညာရပ် နယ်ပယ်အလိုက် အင်ဂျင်နီယာဒဿနအမြင်နှင့် အင်ဂျင်နီယာ ကျင့်ဝတ်များကို သိရှိလိုက်နာနိုင်စေရန် ဖြည့်စွက်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များဖြစ်သည့် တိကျခိုင်မာမှု၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စသည့် အခြေခံအုတ်မြစ်ကောင်းများ ရရှိပြီးဖြစ်သဖြင့် လက်တွေ့နယ်ပယ်တွင် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များကို တိကျစွာ လိုက်နာကျင့်ကြံလုပ်ဆောင်သွားကြရန်မှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ★

❖ **အင်ဂျင်နီယာ ပညာရပ်သည် သင်္ချာပညာရပ်နှင့် သိပ္ပံပညာရပ်များကို သင်ယူမှု၊ လေ့လာမှု၊ လက်တွေ့ဆောင်ရွက်မှုများမှ တစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ဖန်တီးခြင်းဖြစ်ပြီး လူမှုအဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးစေရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ စက်ပစ္စည်းနှင့် ယာဉ်ယန္တရားများ၊ အခြားခေတ်မီရုပ်ဝတ္ထုပစ္စည်းများကို တီထွင်ထုတ်လုပ်မှုအတွက် အသုံးချရသည့် ပညာရပ်ဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် သင်တန်းဆင်းမိန့်ခွန်းပြောကြားစဉ်။

★စာမျက်နှာ ၃ မှ

သင်ယူခဲ့သည့် အထူးပြုဘာသာရပ်များအပေါ် မူတည်ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့ အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း တပ်မတော်နည်းပညာတက္ကသိုလ်က သင်ကြားပေးလိုက်သည့် အခြေခံအင်ဂျင်နီယာပညာရပ်များသည် တူညီမှုရှိသည့်အတွက် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များသည် ခြေလျင်တပ်ဖွဲ့များနှင့်အတူ စစ်ရေးအသိ၊ စစ်ရေးသတိရှိစွာဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်အလိုက် ညှိနှိုင်းပေါင်းစပ် တိုက်ပွဲဝင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများသည် တိုင်းပြည်ကိုကာကွယ်ရန် မိမိဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာသူများဖြစ်သည့်အတွက် တိုက်ပွဲဝင်ရာတွင် **“ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း”** ဆိုသည့် တိုက်ပွဲဝင်စိတ်ဓာတ်ရှိရမည်ဖြစ်ကြောင်း။

### ရဲစွမ်းသတ္တိပြည့်ဝသည့် တပ်မတော်သား အင်ဂျင်နီယာသားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်

စစ်မြေပြင်အတွက် မိမိတို့တတ်ကျွမ်းသည့် အင်ဂျင်နီယာအတတ်ပညာများကို အသုံးချရမည်ဖြစ်သကဲ့သို့ သင်ကြားပေးလိုက်သည့်စစ်နည်းဗျူဟာဘာသာရပ်များကိုလည်း အသုံးချပြီး ခြေလျင်တပ်ဖွဲ့များကဲ့သို့ တိုက်ပွဲဝင်နိုင်ရေး ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာဖြစ်သည့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုအပြင် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်ရန်အတွက် တိုက်ပွဲဝင်စိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိများ တိုးတက် ကောင်းမွန်အောင် လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ စစ်ပညာတတ်ကျွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကိုအခြေခံပြီး အင်ဂျင်နီယာအတတ်ပညာနှင့် စစ်ပညာများကို **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ်လေ့ကျင့်သင်ယူပြီး ရဲစွမ်းသတ္တိပြည့်ဝသည့် တပ်မတော်သား အင်ဂျင်နီယာသားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရန် အထူးအလေးထားမှာကြားလိုကြောင်း။

ကမ္ဘာပေါ်တွင် ထုထည်အကြီးမားဆုံးနှင့် ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်တွင် တည်ထား ကိုးကွယ်ခဲ့ရာတွင် တပ်မတော်သား အင်ဂျင်နီယာပညာရှင်များအနေဖြင့် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မည့် စကျင်ကျောက်တုံးတော်ကြီးကို ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် နေပြည်တော်သို့ သယ်ယူပင့်ဆောင်ရာတွင် တူးမြောင်းဖောက်လုပ်ခြင်း၊ လိုအပ်သည့်လမ်းများဖောက်လုပ်ခြင်းနှင့်အဆင့်မြှင့်တင်ခြင်း၊ ပလ္လင်အောက်ခံ Foundation တည်ဆောက်ခြင်း၊



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

မြေလျှင်ဒဏ်၊ လေပြင်းမုန်တိုင်းနှင့် လျှပ်စစ်မိုးကြိုးဒဏ်ခံနိုင်ရေးတို့အတွက် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ရှုထောင့်မျိုးစုံမှ စဉ်းစားသုံးသပ်ပြီး စနစ်တကျတွက်ချက်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့်နည်းပညာသုံး CNC စက်ကြီးများအသုံးပြုပြီး ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပုံဖော်ခြင်းအပါအဝင် ရတနာ ပလ္လင်တော်ထက်သို့ ပင့်ဆောင်ရာ၌ သံမဏိမျှော်စင်နှင့် သံမဏိပန်းတောင်း တည်ဆောက်အသုံးပြုခြင်းများကို ပြည်ပမှ အတတ်ပညာရှင်များမပါဘဲ တပ်မတော်သား အင်ဂျင်နီယာများက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုအပေါ် နိုင်ငံတကာအင်ဂျင်နီယာအဖွဲ့အစည်းများကပါ အသိအမှတ်ပြုမှုရရှိခဲ့ခြင်းကြောင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သား အင်ဂျင်နီယာများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို အသိအမှတ်ပြု ပြောကြားလိုကြောင်း။

### “အင်ဂျင်နီယာစွမ်းပကား၊ တပ်မတော်အား” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းလုပ်ဆောင်

ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် အဓိကကျသည့် စစ်အသုံးအဆောင် ပစ္စည်း၊ လူ့စွမ်းအား အရင်းအမြစ်နှင့် ကျွမ်းကျင်မှုစသည့် ကဏ္ဍသုံးရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် စစ်ပွဲဆိုင်ရာ အယူအဆများ၊ ပုံသဏ္ဌာန်များ၊ စစ်လက်နက်အသစ်အဆန်းများနှင့် စစ်ဘက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာနေရန် လိုအပ်ကြောင်း၊ ကြည်း၊ ရေ၊ လေနှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များအားလုံးကို ခေတ်နှင့်လျော်ညီအောင် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် ကာကွယ်ရေးဆိုင်ရာကဏ္ဍတွင် လိုအပ်သည့်အသစ်တီထွင်ထုတ်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများကို **“အင်ဂျင်နီယာ စွမ်းပကား၊ တပ်မတော်အား”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကို ကြည့်မည်ဆိုပါက ခေတ်မီနည်းပညာများနှင့် စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အတူ အင်အားကြီး နိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ်ထားရှိလိုမှုများကြောင့် ဖြစ်ပေါ်နေသည့် ခေတ်သစ်စစ်ပွဲများ၏ အသွင်သဏ္ဌာန်များကို ကောင်းစွာသိရှိနားလည်ထားရမည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံများအကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး စာမျက်နှာ ၅ သို့ ★

❖ ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင်အဓိကကျသည့် စစ်အသုံးအဆောင်ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှု စသည့်ကဏ္ဍသုံးရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် စစ်ပွဲဆိုင်ရာအယူအဆများ၊ ပုံသဏ္ဌာန်များ၊ စစ်လက်နက်အသစ်အဆန်းများနှင့် စစ်ဘက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာနေရန်လိုအပ်

❖ ယနေ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကို ကြည့်မည်ဆိုပါက ခေတ်မီနည်းပညာများနှင့် စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အားကြီး နိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ်ထားရှိလိုမှုများကြောင့် ဖြစ်ပေါ်နေသည့် ခေတ်သစ်စစ်ပွဲများ၏ အသွင်သဏ္ဌာန်များကို ကောင်းစွာသိရှိနားလည်ထားရမည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း သုံးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

★ စာမျက်နှာ ၄ မှ

စသည့် နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင် ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာများ လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ခေတ်သစ်စစ်ပွဲများတွင် သက်ရှိလူသားများဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာအဆင့်မှ AI (Artificial Intelligence) ဟု ခေါ်သည့် ဉာဏ်ရည်တုနည်းပညာ အသုံးပြုကွပ်ကဲထိန်းချုပ်မှု နည်းပညာအဆင့်အထိ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်သစ်စစ်ပွဲများတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်မှုရေးရာတော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် ဉာဏ်ရည်တု နည်းပညာ(AI) အခန်းကဏ္ဍကိုလည်း စဉ်ဆက်မပြတ်လေ့လာသင်ယူရန် လိုအပ်ကြောင်း။

**စဉ်ဆက်မပြတ်လေ့လာ**

ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် ခေတ်သစ်စစ်ပွဲများကိုမျှော်မှန်းပြီး ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရာတွင် ဉာဏ်ရည်တုနည်းပညာအပြင် အခြားကာကွယ်ရေးသုတေသန လုပ်ငန်းများတွင်လည်း များစွာရင်းနှီးမြှုပ်နှံလာကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နည်းပညာအခြေပြု ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးကို အပြိုင်အဆိုင် လုပ်ဆောင်လာကြသည့်နည်းတူ သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်မှုကြောင့် နည်းပညာရပ်များ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ္ဘာ့အခင်းအကျင်း ပြောင်းလဲမှုများသည် လျင်လျင်မြန်မြန် ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း အမြဲသတိချပ်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ပြောင်းလဲ တိုးတက်နေသည့် နည်းပညာများကို အမီလိုက်နိုင်ရန်အတွက် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိနိုင်ငံအတွက် အကောင်းဆုံး အသုံးချသွားရမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့်အတွက် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသည့် ကျစ်လျစ်ခိုင်မာတောင့်တင်းသော တပ်မတော်ဖြစ်စေရေး "စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်" ဆိုသည့် စွမ်းရည်သုံးရပ် ပြည့်စုံနေရန် လိုအပ်ကြောင်း၊ စွမ်းရည်သုံးရပ် ပြည့်စုံရန်အတွက် တပ်တိုင်း၊ ရဲဘော်တိုင်းတွင်ရှိရမည့် အခြေခံအရည်အချင်း ငါးပါးဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည်သုံးရပ် ပြည့်စုံမှုရှိရန် လိုအပ်မည်ပင်ဖြစ်ကြောင်း၊ စွမ်းရည်သုံးရပ်သည် အပြန်အလှန် ချိတ်ဆက်နေပြီး အုပ်ချုပ်ရေးစွမ်းရည် ပြည့်စုံကောင်းမွန်မှုမှတစ်ဆင့် စစ်ရေးစွမ်းရည် တိုးတက်အောင်မြင်ခြင်းနှင့် စည်းရုံးရေးစွမ်းရည်သည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

❖ **နည်းပညာအခြေပြု ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးကို အပြိုင်အဆိုင်လုပ်ဆောင်လာကြသည့်နည်းတူ သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်မှုကြောင့် နည်းပညာရပ်များ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ္ဘာ့အခင်းအကျင်း ပြောင်းလဲမှုများသည် လျင်လျင်မြန်မြန် ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း အမြဲသတိချပ်နေရန် လိုအပ်**

**ရဲဘော်ရဲဘက်စိတ် ထားရှိ**

တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရသည့်အချိန်အတွင်း၌ နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်သွားကြရမည်ပင် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို လက်တွေ့ကျကျ ထိရောက် အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် ခေါင်းဆောင်ကောင်းအင်္ဂါရပ်များနှင့်အညီ ကွပ်ကဲအုပ်ချုပ်ပြီး စစ်သည်တော် ကျင့်ဝတ်အပါး (၆၀)ကို တိတိကျကျလိုက်နာကျင့်ကြံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိလက်အောက်ငယ်သားများအပေါ် မျှတသည့်စိတ်ထား၊ မှန်ကန်သည့် သဘောထား၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အဆင့်နှင့်လျော်ညီသည့် လုပ်ငန်းကျွမ်းကျင်မှုအပြင် ရဲဘော်ရဲဘက်စိတ် ထားရှိကာ ကွပ်ကဲအုပ်ချုပ်ပြီး တပ်နေပျော်စေရေးနှင့် သက်သာချောင်ချိရေး ကောင်းမွန်စေရန် အမြဲစီမံ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

**ပြည်သူလူထုအကျိုးစီးပွားကို ကူညီဆောင်ရွက်**

တပ်ပြင်စည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားကိုမိမိတို့တတ်စွမ်းသမျှ ကူညီဆောင်ရွက်သွားကြရမည်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းရင်းသားပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်ခြင်းကြောင့် ပြည်သူလူထု၏ နေ့စဉ်ဘဝ လုံခြုံရေးကို ဘက်ပေါင်းစုံက တတ်စွမ်းသမျှ ကူညီ ဆောင်ရွက်ပေးကြရမည်လည်း ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ကျရာ တပ်ဖွဲ့၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီ စောင့်ရှောက်ပေးခြင်း လုပ်ငန်းများတွင်လည်း အားတက်သရော စွမ်းစွမ်းတမံဆောင်ရွက်ပေးကြရမည်ပင် ဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် တိုင်းရင်းသား ညီအစ်ကိုများ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်စွာရပ်တည်ပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်သည် ပြည်သူများနှင့် တစ်သားတည်းဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ အားပေးထောက်ခံမှုသည် နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများတွင် အရေးကြီးသော အခြေခံအချက်ဖြစ်သည့်အတွက် တာဝန်ကျရာဒေသအသီးသီး ရောက်ရှိချိန်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပြီး တပ်ပြင်စည်းရုံးရေး အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

စာမျက်နှာ ၆ သို့ ★

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီး ချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာ တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘ အုပ်ထိန်းသူများဖြစ်သည့် တပ်မတော်နည်းပညာ တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြား ထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်း အရာရှိများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်း ဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိ များ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကိုအတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ် အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင် ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

★ စာမျက်နှာ ၅ မှ

စစ်ရေးပြအခမ်းအနား အပြီး တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သည် တပ်မတော်နည်းပညာ တက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း သုံးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြား သည်။

ဂုဏ်ပြုအမှာစကား ပြောကြား ရာတွင် သင်တန်းခြောက်နှစ်တာ ကာလအတွင်း မလျှော့သည့် ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်း အားထုတ်ခဲ့ခြင်းကြောင့် ယခု ကဲ့သို့ ထူးချွန်ဆုများကိုရရှိကြခြင်း ဖြစ်ကြောင်း၊ မိမိအနေဖြင့်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူ သကဲ့သို့ မိဘများကိုယ်စားလည်း ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ရည်မှန်းချက်များ ထားရှိ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့ သို့ ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရှေ့ဆက်၍ အရာရှိ များအဖြစ် ဆက်လက် တာဝန် ထမ်းဆောင်ချိန်တွင် ရည်မှန်း ချက် တာဝန်များကို ထမ်းဆောင် ရာ၌ သင်တန်းတက်ရောက်စဉ် စည်းကမ်းလိုက်နာမှု၊ ကြိုးပမ်း အားထုတ်ခဲ့မှုများအတိုင်း ဆက် လက်၍ ထိန်းသိမ်းဆောင်ရွက် သွားရန်လိုကြောင်း၊ ကျောင်း ဆင်းအရာရှိများအနေဖြင့် အနာ ဂတ်တွင် တပ်မတော်၏ ပခုံး ပြောင်းတာဝန်များကို ထိုက်ထိုက် တန်တန် တာဝန်လွှဲပြောင်းထမ်း ဆောင်နိုင်အောင် ကြိုးပမ်းဆောင် ရွက်ကြရန်လိုကြောင်း၊ လူတိုင်း ပထမ ဖြစ်ခွင့်ရှိသော်လည်း လူတိုင်း ပထမ မရနိုင်ကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက် မှုများကြောင့် ပထမနေရာကို ရရှိ ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိ ကိုယ်ကိုထိန်းသိမ်း၍ မိမိဘဝ တိုးတက်ရေးအတွက် ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားကြစေ လိုကြောင်း၊ မိမိတို့၏ ကြိုးပမ်း ဆောင်ရွက်မှုကို အများက အသိ အမှတ်ပြုအောင် ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ နိုင်ငံတော် အပေါ်၊ တပ်မတော်အပေါ် ၊ မိမိ အထက် အကြီးအကဲနှင့် လက်အောက် ငယ်သားများ အပေါ် သစ္စာရှိစွာဖြင့် ရိုးသားစွာ ဆောင်ရွက်သွားမည် ဆိုပါက မိမိတို့ဘဝတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ အလားတူ မိမိတို့၏ ဘဝကို လမ်းညွှန်သွန်သင် ဆုံးမ ပေးခဲ့သည့် မိဘနှင့်ဆရာသမား များ၏ ကျေးဇူးကိုလည်းမမေ့ရန် လိုကြောင်း၊ အင်ဂျင်နီယာပညာ ရှင်များဖြစ်သဖြင့် Engineering Philosophy ကိုလည်း အသုံးချရန် လိုကြောင်း၊ နည်းပညာရပ်ဆိုင် ရာများဆောင်ရွက်ရာတွင် မိမိတို့ ရှေ့မှ အင်ဂျင်နီယာပညာရှင်များ နှင့် အချင်းချင်းတိုင်ပင်ဆွေးနွေး ဆောင်ရွက်ကြရန် လိုကြောင်း၊ နည်းပညာရပ်များ ပိုမိုသင်ကြား တတ်မြောက် ကျွမ်းကျင်သည့် အင်ဂျင်နီယာ ပညာရှင်ကြီးများ၊ နည်းပညာရှင်ကြီးများ ဖြစ်စေရေး အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်အတွက်၊ တပ်မတော် အတွက်၊ ပြည်သူအတွက် အထောက်အကူပြုသည့် ပညာ ရှင်ကြီးများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက် သွားကြစေလို ကြောင်း၊ မိမိတို့ဘဝကို ထိခိုက် စေနိုင်သည့် မူးယစ်သောက်စား ပျော်ပါးခြင်းများကိုလည်း တတ် နိုင်သမျှ ရှောင်ကြဉ်ကြရန် လိုကြောင်း၊ လူတိုင်းသည် ဘက်စုံ ၌ မပြည့်စုံနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ထိန်း သိမ်းဆောင်ရွက်ခြင်းဖြင့် လူ့ဘဝ ၏တိုးတက်မှုအကျိုးကို ခံစားရ မည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်နည်းပညာတက္ကသိုလ်၏ ( ၂၅ )ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော် နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အေးမင်းဦး၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သောင်းနိုင်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ ဝင်များ ဘွဲ့နှင်းသဘင်ခန်းမရှိ သတ်မှတ်နေရာများ တွင် နေရာယူကြပြီး နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံး ရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၅)မှ အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၁၈ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းအမှတ်စဉ် (၁၃) မှ မဟာအင်ဂျင်နီယာဘွဲ့ရရှိသူ သင်တန်းသား အရာရှိ ၃၆ ဦး၊ အင်ဂျင်နီယာပညာ သင်ကြားရေး ဒီပလိုမာသင်တန်းအမှတ်စဉ်(၈)မှ အင်ဂျင်နီယာ ပညာသင်ကြားရေး ဒီပလိုမာရရှိသူ သင်တန်းသား အရာရှိ ၁၄ ဦးနှင့် အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၆)မှအင်ဂျင်နီယာဘွဲ့လွန် ဒီပလို မာရရှိသူ သင်တန်းသားအရာရှိ ၆၉ ဦး စုစုပေါင်း ၂၃၇ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်း သည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။



ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင် များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြ သည်။

တပ်မတော်နည်းပညာတက္ကသိုလ် အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ အင်ဂျင်နီယာဘွဲ့ရအရာရှိ ၇၆၄၀၊ အင်ဂျင်နီယာမဟာဒဿနဘွဲ့ရ ငါးဦး၊ အင်ဂျင်နီယာပညာသင်ကြားရေးဒီပလိုမာဘွဲ့ရ ၁၂၀၊ အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ၄၄၃ဦး၊ မဟာ အင်ဂျင်နီယာဘွဲ့ရ ၆၁၀ နှင့် အင်ဂျင်နီယာပါရဂူဘွဲ့ရ ၁၃၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဂုဏ်ထူးဆောင် အင်ဂျင်နီယာပါရဂူဘွဲ့ရ နှစ်ဦးကိုလည်း ဘွဲ့များ အပ်နှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်းရှိ မှန်တံတားကို ဖြတ်သန်းကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုအားပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်းရှိ ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေးစဉ်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)အတွင်းရှိ မှန်တံတားကို ဖြတ်သန်းပြီး ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေး၍ အစာကျွေးကြကာ Sky Cable Car ဖြင့် လိုက်ပါစီးနင်းပြီး ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း ပြည်သူများ အပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိအောင် ဆောင်ရွက်ရန်၊ သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးရန်၊ လျှောက်လမ်းများနှင့် တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ ချောင်းရိုးတစ်လျှောက် သန့်ရှင်းသာယာရေးနှင့် ရေများသန့်ရှင်းကြည်လင်မှုရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အခြားဖြည့်စွက် ဆောင်ရွက်သင့်သည်များကိုလမ်းညွှန်မှာကြားသည်။



## ကြည့်ရှုခံစားနိုင်

ပွဲကောက် ရေတံခွန်တွင် လာရောက် လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြင့်တင် ဆောင်ရွက်ထားပြီး မှန်တံတား၊ ကြိုးတံတားများ အပြင် log house၊ coffee shop၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများနှင့် အရှည် ၅၅၄ မီတာရှိ Sky Cable Way ကိုလည်း တည်ဆောက်ထားရှိကာ Sky Cable Car များကို စီးနင်း၍ သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)အတွင်းရှိ ဆင်ကလေးများကို အစာကျွေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်ရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်လျက်ရှိ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် စစ်ဘက်ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများနှင့် ဆရာ ဆရာမများအား ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော် လေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

**"အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း လေ့ကျင့်ရေး၌ အခြေခံမှစ၍ ကောင်းရန်လို**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် စစ်တက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်အတွက်ဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ"ဆိုသည့်အတိုင်း လေ့ကျင့်ရေး၌ အခြေခံအစကတည်းက ကောင်းရန်လိုကြောင်း၊ အဓိကအားဖြင့် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းပင်ဖြစ်သော်လည်း စစ်ဘက်ဆိုင်ရာ တစ်ခုတည်းကိုသာ ကျွမ်းကျင်နေ၍မရကြောင်း၊ လိုအပ်သော အသိဉာဏ်၊ ဗဟုသုတနှင့် နှလုံးရည်ပြည့်ဝရန်အတွက် သက်ဆိုင်ရာ စာပေပညာရပ်များကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

တပ်မတော်တွင် စစ်တက္ကသိုလ်တစ်ခုတည်းကိုသာမက အခြားတက္ကသိုလ်များနှင့် ဗိုလ်သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပြီး တပ်မတော်အရာရှိများကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းဆင်း၍ တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဖြင့်ထမ်းဆောင်ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုများအတွက်လည်း ဘွဲ့တံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်မှုများရရှိခဲ့သည့် တပ်မတော်အရာရှိများ များစွာရှိကြောင်း။

စစ်တက္ကသိုလ်တွင် စစ်ပညာများကို တပ်စုမှူးအဆင့်အထိ သင်ကြားပေးလိုက်ပြီး တက္ကသိုလ်ပညာရပ်များကိုလည်း သင်ကြားပေးကြောင်း၊ စစ်ပညာများ လေ့ကျင့်ရေးနှင့် တက္ကသိုလ်ပညာလေ့ကျင့်ရေးများကို ဆောင်ရွက်ပေးလိုက်ကြောင်း၊ လေ့ကျင့်သားပြည့်ဝမှသာ အရည်အချင်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်မည် ဖြစ်ပြီး လုပ်ငန်းတာဝန်နှင့် စစ်မြေပြင်တာဝန်များ ထမ်းဆောင်ရာတွင် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စစ်မြေပြင်နှင့် လုပ်ငန်းတာဝန် နယ်ပယ်အသီးသီးတွင် မှတ်ကျောက်တင်နိုင်သည့် အရာရှိများမွေးထုတ်ပေးရန်လိုကြောင်း။

**စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကြိုတင်မြော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ခဲ့**

ခေတ်သစ် စစ်ပွဲများတွင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ တိုးတက်စေရေးအတွက် စစ်ဘက်နည်းပညာရပ် ဆိုင်ရာများ တိုးတက်ရေး၊ အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီမှုရှိစေရေး ဆောင်ရွက်ခဲ့ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး ပြည်ပနိုင်ငံများသို့ တပ်မတော်သားအရာရှိများကို စေလွှတ်သင်ကြားစေခဲ့ပြီး လက်ရှိအချိန်တွင်လည်း တက်ရောက်လျက်ရှိကြောင်း၊ ခေတ်မီတပ်မတော်တစ်ရပ်တည်ဆောက်ရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းများ သင်ကြားပို့ချရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်မီအောင် မွေးထုတ်ပေးရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းဖြစ်သဖြင့် လေ့ကျင့်ရေးနှင့်ပတ်သက်၍ စတင်ချိန်ကတည်းက စနစ်တကျဖြင့် လေ့ကျင့်ပေးရန် လေးနှစ်တာကာလသည် စစ်ပညာနှင့် တက္ကသိုလ်ပညာရပ်များ သင်ကြားပေးရန် အတွက် လုံလောက်သည့် အချိန်ကာလတစ်ခုဖြစ်ကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် သင်တန်းပြီးမြောက်ချိန်တွင် လူငယ်ခေါင်းဆောင်စိတ်ဖြင့် နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ပထမနှစ်မှစတင်၍ အရာရှိကောင်းများဖြစ်အောင် စနစ်တကျဖြင့် လေ့ကျင့်ပေးရန်လိုကြောင်း၊ အသေးအဖွဲ့မှစ၍ ဂရုစိုက်ပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေသာခိုသည့်စိတ်၊ အလွယ်တကူလုပ်ဆောင်လိုသည့်စိတ်များမရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုကြောင်း၊ အားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည် ဆိုပါက အရည်အချင်းရှိသည့် စစ်ဘက်ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

> ❖ **ခေတ်သစ်စစ်ပွဲများတွင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ တိုးတက်စေရေးအတွက် စစ်ဘက်နည်းပညာရပ်ဆိုင်ရာများ တိုးတက်ရေး၊ အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီမှုရှိစေရေး ဆောင်ရွက်ခဲ့ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ဆောင်ရွက်ခဲ့**

စာပေပညာနှင့် ပတ်သက်၍ ယခင်က သာမန်ဘွဲ့များကိုသာ ပေးအပ်ခဲ့သော်လည်း နောက်ပိုင်းတွင် Ph.D ဘွဲ့အထိ ပေးအပ်ခဲ့ကြောင်း၊ ပြည်ပ၌လည်း သွားရောက် သင်ကြားမှုများရှိကြောင်း၊ နှလုံးရည်ပြည့်ဝစေရေး လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ တပ်မတော် လေ့ကျင့်ရေးကျောင်းများမှ သင်ကြားမွေးထုတ်ပေးလိုက်သူများ အနေဖြင့် တပ်မတော်ပိုင်းဆိုင်ရာများကိုသာမက နိုင်ငံတော်အတွက် လိုအပ်သည့် အခြားလုပ်ငန်းတာဝန်များကိုလည်း ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်ကြောင်း၊ စစ်ဘက် ခေါင်းဆောင်များအနေဖြင့် နှလုံးရည်ဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**စာပေဖတ်ရှုခြင်းဖြင့် နှလုံးရည်ပြည့်ဝသော ခေါင်းဆောင်များ ဖြစ်စေမည်**

စာပေဖတ်ရှုခြင်းသည် ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသဖြင့် စာပေကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန် လိုကြောင်း၊ တက္ကသိုလ် ပညာရပ်သည် စာပေပညာရပ်ကိုသာမက အတွေးအခေါ်ပညာရပ်များကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအား သင်ကြားပေးရာတွင် တူညီသည့် အမြင်များရှိစေရေး၊ အခြေခံကျကျ တွေးခေါ်တတ်သည့် အလေ့အကျင့်ကောင်းများရှိစေရေး လေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများကို ဆောင်ရွက်ပေးရကြောင်း၊ ကိုယ်ခံစွမ်းအားများ ရှိစေရေး လိုအပ်သည့် ကယ်လိုရီများရရှိအောင် စနစ်တကျဖြင့် တွက်ချက်၍ စီမံဆောင်ရွက်ပေးထားသဖြင့် အပြည့်အဝစားသုံးရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်သူများဖြစ်စေရေး အစားအသောက်နှင့် ပတ်သက်၍ အပြည့်အဝ ကျွေးမွေးရန်လိုကြောင်း၊ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ပြည့်ဝနေရန်လိုကြောင်း၊ အသောက်အစား အပျော်အပါးများကို တတ်နိုင်သမျှ ဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကို အလိုမလိုက်ရန်လိုကြောင်း၊ အရက်သေစာများကို အလွန်အကျွံ သောက်စားခြင်းများသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ မူးယစ်သောက်စားမှုများကြောင့် မလိုလားအပ်သည့် ဖြစ်စဉ်များဖြစ်ပေါ်ပြီး လူမှုရေးကိစ္စရပ်များကိုပါ ထိခိုက်စေနိုင်သဖြင့် အသောက်အစားနှင့် ပတ်သက်၍ မိမိကိုယ်တိုင် အသိတရားဖြင့် ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ မိမိလက်အောက်ရှိ သင်တန်းသားများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အသောက်အစားနှင့် ပတ်သက်၍ အလေးထား ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အစားအသောက်နှင့် ပတ်သက်၍ အာဟာရပြည့်ဝသည့် အစားအသောက်များကို စားသုံးရန်လိုကြောင်း၊ အသက်အရွယ်နှင့် သင့်တင့် လျောက်ပတ်သည့် ကိုယ်ဟန်အနေအထားရှိရန်လိုကြောင်း၊ ထို့ကြောင့် သင်တန်းသားများကို လေ့ကျင့်ပေးရာတွင် စားသောက်နေထိုင်မှုမှတစ်ဆင့် အခြေခံမှစ၍ စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း၊ သို့မှသာ သင်တန်းသားများ အနေဖြင့် သင့်တင့်လျောက်ပတ်သည့် ကြံ့ခိုင်မှုများရရှိမည် ဖြစ်ကြောင်း၊ ကောင်းမွန်သည့် အကျင့်များကို ဗိုလ်လောင်းဘဝမှ စတင်၍ လေ့ကျင့်ပေးရန် လိုသကဲ့သို့ နည်းပြများကိုယ်တိုင်က စံပြဖြစ်နေရန်လိုကြောင်း။

**လေ့ကျင့်သား ပြည့်ဝခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် စစ်ဘက်ခေါင်းဆောင်များ ဖြစ်စေမည်**

လေ့ကျင့်ရေးပိုင်းတွင် သေချာစွာ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို စနစ်တကျ လေ့ကျင့်ပေးမှသာ စစ်မြေပြင်တွင် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပရာတွင် စည်းစားဉာဏ်ဖြင့် ခွန်အားစိုက်ထုတ်၍ စနစ်တကျဆောင်ရွက်တတ်သည့် အကျင့်ကောင်းများ ရရှိအောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ စစ်ခေါင်းဆောင်များသည် စဉ်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိဖြင့် ဆောင်ရွက်နိုင်ရေး စစ်တက္ကသိုလ်မှ မွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးရာတွင် သင်တန်းသားများအား အဆိုပါစိတ်ဓာတ်များ အခြေခံမှစတင်၍ မွေးမြူပေးနိုင်ရေး လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝစွာဖြင့် လေ့ကျင့်ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်အတွက် အားထားရသည့် စစ်ဘက်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် လက်ရုံးရည်၊ နှလုံးရည်နှင့် စဉ်းစားဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရေး စနစ်တကျဖြင့် အလေးထား လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လိုနေသူကို မျှဝေပေးပါ

ကိုရင်မောင်

ယခုတစ်လော လမ်းမတွေပေါ်မှာ လှုပ်လှုပ်ရှားရှားတစ်မျိုး၊ တိုးတိုးကျယ်ကျယ်တစ်ဖုံ ဖြစ်နေကြတာတွေကို တွေ့နေရပါတယ်။ "ကုန်ပြီ၊ ရသေးတယ်၊ မရှိတော့ဘူး၊ ရတော့ရတယ် လိုသလောက်မရဘူး" စတဲ့ စတဲ့ စက်သုံးဆီနဲ့ပတ်သက်တဲ့ အခက်အခဲဖြစ်နေတဲ့ သတင်းစကားတွေကို ဟိုနေရာ၊ ဒီနေရာ စုံနေအောင် ပြောဆိုနေကြတာကို ကြားနေရပါတယ်။ ရန်ကုန်မြို့တွင်းက စက်သုံးဆီအရောင်းဆိုင်တွေရှိတဲ့ ပတ်ဝန်းကျင်တွေကို ကြည့်လိုက်တဲ့အခါ ပြောနေ၊ ဆိုနေကြသလို လမ်းတစ်လျှောက်လုံးမှာ ကိုယ်ပိုင်ယာဉ်တွေ၊ အငှားယာဉ်တွေ ဆီဆိုင်မှာ ဆီထည့်ဖို့ တသီတတန်းကြီး စီတန်းစောင့်ဆိုင်းနေကြတာတွေကို တွေ့ရပါတယ်။

ဒီလိုအချိန်မှာပဲ ပြည်ပသတင်းဌာနတွေကလည်း မြန်မာနိုင်ငံမှာ စက်သုံးဆီပြတ်လပ်နေပြီ၊ ပြည်သူတွေ အခက်အခဲဖြစ်နေပြီ၊ အစိုးရရဲ့မူဝါဒကြောင့် စတဲ့ မီးလောင်ရာလေပင့်ပေးတဲ့ ကောလာဟလသတင်းတွေ ပြည်သူတွေကြားမှာ အဆက်မပြတ်ထုတ်လွှင့်နေတော့ စိုးရိမ်ပူပန်မှုတွေ ဖြစ်ကြမှာ အမှန်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လက်ရှိဖြစ်နေတဲ့ စက်သုံးဆီပြဿနာဟာ တကယ်တမ်း စက်သုံးဆီအဝင်မရှိတော့လို့ ဖြစ်ပေါ်လာတဲ့ ပြဿနာလား၊ အခိုက်အတန့်အားဖြင့် ဆီဆိုင်တွေမှာ ဆီပြတ်လပ်သွားတာလား၊ လိုသလောက်ဝယ်လို့မရတော့ဘူးလား၊ ငွေကြေးကိစ္စကြောင့်လား စတဲ့မေးခွန်းတွေရဲ့ အဖြစ်မှန်ကို လက်တွေ့လေ့လာကြည့်တဲ့အခါ အခိုက်အတန့် ဖြစ်ပေါ်လာတဲ့ အကြောင်းတချို့ကြောင့် ဖြစ်ရတယ်ဆိုတာကို တွေ့လိုက်ရပါတယ်။

### ရင်ဖွင့်သံများ

ရန်ကုန်မြို့တွင်းက ဆီဆိုင်တစ်ဆိုင်မှာ တန်းစီနေတဲ့ ယာဉ်ပိုင်ရှင်တွေကို မေးမြန်းကြည့်တဲ့အခါမှာ တစ်ယောက်တစ်မျိုး ထွက်ပေါ်လာတဲ့ အဖြေတွေကို တွေ့ရပါတယ်။ တစ်ဦးက "အိမ်က မနက် ၅ နာရီလောက်က ထွက်လာပြီး ဆီတန်းစီတယ်၊ မနက် ၁၁ နာရီမှာ ဆီရခဲ့ပါတယ်"၊ နောက်တစ်ဦးက "ကျွန်တော်က အထွက်နောက်ကျပြီး နေ့လယ် ၁၂ နာရီမှာ ဆီပြတ်သွားလို့ လှည့်ပြန်ခဲ့ရတယ်"၊ နောက်တစ်ဦးက "ကျွန်တော့်ကားကို ဆီဂိတ်ပြည့်နေမှကြိုက်တာ၊ ဒါကြောင့် အပင်ပန်းခံပြီး နေ့တိုင်း ဆီဖြည့်ပါတယ်"၊ နောက်တစ်ဦးက "ကျွန်တော့်ကားက နေ့စဉ်အသုံးများလို့ တစ်ယောက်က ကားတစ်စီးနဲ့ နေ့တိုင်း ဆီဖြည့်ဖို့လုပ်ပြီး တစ်ယောက်က နောက်တစ်စီးနဲ့ အလုပ်လုပ်ပါတယ်"၊ တစ်ယောက်ကတော့ "ဒီပြဿနာက ဖြစ်နေဦးမှာဆိုတော့ နေ့တိုင်း ဆီတန်းစီပြီး ဆီကိုလှောင်ပြီး သုံးပါတယ်"၊ နောက်တစ်ယောက်ကတော့ "ရန်ကုန်မြို့တစ်ခွင် ဆီဆိုင်တွေမှာလှည့်ပြီး ဆီတန်းစီရတာ ပျော်ပါတယ်"လို့ မော်တော်ယာဉ်အသုံးပြုသူတွေရဲ့ စိတ်ကူးကိုယ်စီနဲ့ ဆီတန်းစီတဲ့အလုပ်ကို မညည်းမညူလုပ်နေကြတဲ့ လက်ရှိအခြေအနေတွေကို ကြားသိခဲ့ရပါတယ်။

### သတင်းကောင်းပါး

စက်သုံးဆီ လက်ခွဲရောင်းချသူတချို့က "အရင်က ဆီဆိုင်တစ်ဆိုင်ကို တစ်ပတ်စာ ဆီခွဲတမ်းအတွက် နှစ်ပတ်အတွင်း သုံးရက်/ လေးရက် ပေါင်းထုတ်လို့ရတယ်။ အခုစနစ်သစ်အရ တစ်ရက်ချင်းစီ ခွဲထုတ်နေရတဲ့အတွက် ဆီပမာဏနည်းနည်းပဲရပြီး ကုန်ကျစရိတ်တက်လာသလို ဆီအလျဉ်မမီဘဲ ပြတ်လပ်မှုတွေဖြစ်တယ်" လို့ ပြောပါတယ်။ နောက်တစ်ခုကတော့ "မကြာသေးမီက ပို့ကုန်ဝင်ငွေ အများစုရရှိတဲ့ နိုင်ငံခြားငွေကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးလိုက်တာဟာ ဈေးကွက်ထဲမှာ နိုင်ငံခြားငွေ စီးဆင်းမှုအားကောင်းလာပြီး သွင်းကုန်အတွက် လိုအပ်တဲ့ နိုင်ငံခြားငွေ လွယ်လွယ်ကူကူရရှိနိုင်တယ်။ ဒီစနစ်ဟာ ဆီသမားတွေရော၊ ပို့ကုန်သွင်းကုန်သမားတွေရော လိုအပ်ချက်ဖြစ်ပါတယ်။ ပြောင်းလဲလိုက်တဲ့စနစ်ကြောင့် ဒေါ်လာရဖို့ ခဏပဲကြန့်ကြာနေတာပါ၊ နောက်ပိုင်း ပြေလည်သွားမှာပါ။ အပြင်ပေါက်ဈေးနဲ့တွက်ရောင်းမှာဖြစ်လို့ တစ်လီတာဈေးနှုန်း တက်သွားမှာဖြစ်ပါတယ်။ နောက်ဆိုရင်တော့ ပြည်တွင်းမှာ ဆီတွေပေါသွားမှာပါ"လို့ ပို့ကုန်သွင်းကုန်လောကမှ သုံးသပ်ချက်အချို့ကိုလည်း ကြားသိခဲ့ရပါတယ်။

နိုင်ငံတော်အစိုးရက ပို့ကုန်၊ သွင်းကုန် နိုင်ငံခြားငွေကြေးနဲ့ပတ်သက်ပြီး ဖြေလျှော့မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ဖြေလျှော့မှုတွေ ပြုလုပ်လိုက်တဲ့အတွက်ကြောင့် သွင်းကုန်ကိစ္စတွေ အထူးသဖြင့် စက်သုံးဆီကိစ္စမှာ လောလောဆယ် အကျိုးသက်ရောက်မှု အနည်းငယ် ရှိပါတယ်။ ဒါဟာ ခဏတာဖြစ်ပါတယ်။ မူဝါဒအပြောင်းအလဲကို ဆောင်ရွက်တဲ့အချိန်မှာ ပို့ကုန်က ပြန်ဝင်လာမယ့်ငွေတွေ၊ အကြောင်းအမျိုးမျိုးနဲ့ ပြည်ပက ပြန်ဝင်လာမယ့်ငွေတွေ ပိုမိုဝင်လာတာနဲ့အမျှ ဈေးကွက်မှာလည်း သူ့အလိုလို ထိန်းညှိပြီးသားဖြစ်လာမယ်လို့ နိုင်ငံတော်က သတင်းကောင်းပါးထားပါတယ်။



### ခေတ္တပြတ်တောက်

လောလောဆယ်မှာတော့ ယခုရက်ပိုင်းအတွင်း ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးတွေက စက်သုံးဆီအရောင်းဆိုင်တွေမှာ ဆီအဝင်မရှိလို့ ဆီမရောင်းနိုင်သေးကြောင်း ဆိုင်းဘုတ်တွေ ထောင်ထားတဲ့ အွန်လိုင်းသတင်းတွေကို တွေ့ခဲ့ရမှာဖြစ်သလို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးတွေရဲ့ ဆီဆိုင်တွေမှာ တန်းစီစောင့်ဆိုင်းနေတဲ့ မော်တော်ယာဉ်တန်းတွေကို တွေ့နေရဆဲဖြစ်ပါတယ်။ အဓိကကတော့ မော်တော်ယာဉ်တွေ ထူထပ်များပြားတဲ့ မြို့ကြီးတွေမှာ စက်သုံးဆီဝယ်လိုအားများနေတာ ဖြစ်ပါတယ်။ နယ်မြို့ငယ်တွေမှာတော့ ဒီပြဿနာတွေ ကြီးကြီးမားမား မရှိလောက်ပါဘူး။ မြို့ကြီးတွေက စက်သုံးဆီအရောင်းဆိုင်တွေမှာ ဆီကို လုံးလုံးမရကြတော့တာမဟုတ်ဘဲ သုံးစွဲမှုလိုအပ်ချက်နဲ့ ရောင်းချနိုင်မှုမမျှတလို့ ခေတ္တပြတ်တောက်သွားတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသုံးပြုကြတဲ့ မော်တော်ယာဉ်အများစုဟာ အောက်တိန်း(ဓာတ်ဆီ)သုံးယာဉ်တွေဖြစ်ပါတယ်။ အနည်းစုဟာ ဒီဇယ်ယာဉ်တွေဖြစ်လို့ ဆီအတွက် အခက်အခဲ ကြီးကြီးမားမားမရှိဘဲ ဝယ်ယူလို့ရပါတယ်။ နိုင်ငံအတွင်း ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှုတွေ ပိုမိုမှန်ကန် မြန်ဆန်စေဖို့နဲ့ ကုန်ဈေးနှုန်းတွေ တည်ငြိမ်စေဖို့အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေ၊ တွင်းထွက်တူးဖော်ရေးလုပ်ငန်းတွေနဲ့ ရေလုပ်ငန်းတွေမှာ အဓိကသုံးစွဲရတဲ့ ဒီဇယ်ဆီကို လုံလုံလောက်လောက်၊ ဈေးနှုန်းသက်သက်သာသာနဲ့ သုံးစွဲနိုင်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ပိုမိုအလေးထား ပံ့ပိုးကူညီဆောင်ရွက်ပေးနေတာကို တွေ့ရပါတယ်။

### အတက်အကျဖြစ်

ပြည်တွင်းသုံးစွဲဖို့အတွက် စက်သုံးဆီလိုအပ်ချက်ကို ပြည်ပမှ ဝယ်ယူတင်သွင်းရာမှာ နိုင်ငံတော်အနေနဲ့ လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးတာကြောင့် လက်ရှိစက်သုံးဆီဈေးနှုန်းဟာ ပြည်တွင်းမှာ ဈေးနှုန်းမြင့်မားနေတယ်လို့ ပြောဆိုနေကြပေမယ့် အာဆီယံဒေသတွင်း နိုင်ငံတွေထက် များစွာလျှော့နည်းနေတာကို လေ့လာကြည့်ရင် သိရှိနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စက်သုံးဆီ လက်ရှိပေါက်ဈေးနှုန်းဟာ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ကွာခြားနေတာကို တွေ့နိုင်ပါတယ်။ စက်သုံးဆီဈေးနှုန်းဟာ အဓိကအားဖြင့် ကမ္ဘာ့ရေနံဈေးနှုန်း၊ နိုင်ငံခြားငွေကြေး၊ အဓိကဝယ်ယူတင်သွင်းတဲ့ စင်ကာပူနိုင်ငံမှ ထုတ်ပြန်တဲ့ MOPS ဈေးနှုန်းနဲ့ ပြည်တွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းတို့အပေါ်မှာ မူတည်ပြီး အတက်/အကျ ဖြစ်ပေါ်လေ့ရှိတာကို သဘောပေါက်ကြပါတယ်။

လတ်တလော မြို့ကြီးတွေမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေမှာ မော်တော်ယာဉ်တွေ ဆီထည့်ဖို့ တန်းစီစောင့်ဆိုင်းနေရတာဟာ စက်သုံးဆီအဝင်မရှိဘဲ ပြတ်လပ်သွားတာကြောင့် မဟုတ်ပါဘူး။ ရန်ကုန်မြစ်ဝနဲ့ ပင်လယ်ဝမှာ စက်သုံးဆီတင်ဆောင်လာတဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေ အဆက်မပြတ်ဝင်ရောက်လျက်ရှိပါတယ်။ အဓိကကျတဲ့ သီလဝါဆိပ်ကမ်းဒေသကြီးရှိ ကုမ္ပဏီကြီးတွေရဲ့ စက်သုံးဆီဆိုက်ရောက်နေရာ Terminal တွေအပြင် သာကေတမြို့နယ်ရှိ ကုမ္ပဏီပိုင် Terminal နဲ့ လှိုင်သာယာမြို့နယ်ရှိ ကုမ္ပဏီပိုင် Terminal တွေမှ စက်သုံးဆီတွေကို ဆီသယ်ယာဉ်(ဘောက်ဆာ)တွေနဲ့ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးရှိ စက်သုံးဆီအရောင်းဆိုင်တွေဆီကို နေ့ / ည မရွေး အဆက်အပြတ် သယ်ယူပို့ဆောင် ဖြန့်ဖြူးပေးလျက် ရှိနေတာကို တွေ့ရပါတယ်။ တစ်လောက ပင်လယ်ဝမှာ ပြည်ပမှ ဆီတင်သင်္ဘော ၁၀ စင်း၊ သီလဝါဆိပ်ကမ်းဒေသရှိ ဂျက်တီတွေမှာ ဆီတင်သင်္ဘော သုံးစင်းဟာ အသင့်စောင့်ဆိုင်းပြီး သက်ဆိုင်ရာ ဆိုက်ရောက်နေရာတွေမှာ အချိန်နဲ့တစ်ပြေးညီ ဆီချနိုင်ဖို့ လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။

### ပို့ဆောင်ဖြန့်ဖြူးပေး

ဒီဇင်ဘာလ ၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင် ၃၃၉၁ ဆိုင်ကို ဆီသယ်ယာဉ်(ဘောက်ဆာ) ၁၇၂၉ စီးနဲ့ 92 Ron ဂါလန် ၉ သိန်း ၇ သောင်းကျော်၊ 95 Ron ဂါလန် ၂ သိန်း ၅ သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီဂါလန် ၈ သိန်း ၃ သောင်းကျော်နဲ့ ရိုးရိုးဒီဇယ်ဂါလန် ၆ သိန်း ၅ သောင်းကျော်တို့ကို ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၆ ရက်နေ့မှာလည်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တွေဆီကို ဆီသယ်ယာဉ်(ဘောက်ဆာ) စီးရေ ၁၈၀၀ နဲ့ 92 Ron ဂါလန် ၉ သိန်း ၈ သောင်းကျော်၊ 95 Ron ဂါလန် ၂ သိန်း ၄ သောင်းကျော်၊ ရိုးရိုးဒီဇယ်ဆီဂါလန် ၆ သိန်း ၇ သောင်းနဲ့ ပရီမီယမ်ဒီဇယ်ဆီဂါလန် ၈ သိန်း ၁ သောင်းကျော်ကို ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ဆက်လက်လို့လည်း Terminal အသီးသီးမှ စက်သုံးဆီတွေကို ဆီသယ်ယာဉ် (ဘောက်ဆာ)တွေနဲ့ အဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ယခုအခါမှာ ယခင်က ဖြန့်ဖြူးပေးခဲ့တာထက် 92 Ron ဂါလန် ၂ သိန်း ၂ သောင်းကျော်၊ 95 Ron ဂါလန် ၁ သိန်း ၂ သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီဂါလန် ၂ သိန်း ၃ သောင်းကျော် **စာမျက်နှာ ၁၀ သို့** ✧



YP(သာကေတ)

# စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး အလေးထား ဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၁၁

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၏(၂/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈)၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကာလသည် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် ရော်ဘာထွက်ကုန် အစရှိသော အဓိက ပို့ကုန်အမယ်များကို ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသည့်ကာလ ဖြစ်ကြောင်း၊ ပြည်ပသို့ ပို့ကုန်တင်ပို့ရာမှ ပို့ကုန်ရငွေများအား သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ဝင်ရောက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့မည့် ပို့ကုန်များထုတ်လုပ်သော စက်မှုဇုန်များရှိ စက်ရုံများအတွက် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများ တင်သွင်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗဟိုကော်မတီအနေဖြင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ပြည်ပသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ငွေကြေးမူဝါဒများ ပြောင်းလဲချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

စက်သုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းကဏ္ဍကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်နိုင်ရေး၊ ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးပြည့်မီရေးနှင့် ပြည်သူများဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အများပြည်သူများ စက်သုံးဆီအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိအရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ယခုရက်ပိုင်းအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးရှိ စက်သုံးဆီအရောင်းဆိုင်များအပြင် အချို့ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ ပို့ဆောင်ရောင်းချပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် စိုးရိမ်စိတ်များကြောင့် ပိုမိုဝယ်ယူစုဆောင်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်ကထက် ဝယ်လိုအား ပိုမိုမြင့်တက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဆီဆိုင်များတွင် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရန်၊ အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း စက်သုံးဆီများတရားမဝင် ရောင်းချမှု မရှိစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ စားသုံးဆီများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်ချက်များကို စိစစ်၍ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိပြီး ဈေးကွက်၊ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန်ကျန်ရှိသော ကုမ္ပဏီများနှင့်ပတ်သက်၍ ပို့ကုန်ရငွေများ အပြည့်အဝပြန်လည်ရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ပသို့ ပဲတန်ချိန်တစ်သန်းကျော် တင်ပို့ထားပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ပုံမှန်အတိုင်း တင်ပို့နိုင်မည်ဟု မျှော်မှန်းထား

ရန်ကုန် ဒီဇင်ဘာ ၁၁

ပြည်ပသို့ ပဲတန်ချိန် တစ်သန်းကျော် တင်ပို့ထားပြီးဖြစ်ကာ ယခုဘဏ္ဍာနှစ်တွင်လည်း နှစ်စဉ်ပုံမှန်ပမာဏအတိုင်း တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်းနှင့် ရေကြောင်းမှ အများဆုံးတင်ပို့နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ အကြံပေး ဦးစိုးဝင်းမောင်က ပြောသည်။

"နှစ်တိုင်း တင်ပို့မှုကတော့ တန်ချိန်တစ်သန်းခွဲကနေ နှစ်သန်းကြားပို့နေတယ်။ အခု ဒီဘဏ္ဍာနှစ်က ကျန်သေးတာကိုး၊ မဆုံးသေးတော့ အဲဒီလောက်တော့ ထပ်ပြီးတော့ တိုးတက်လာဦးမယ်။ ပုံမှန်ပို့နေတာတော့ တစ်သန်းခွဲကနေ နှစ်သန်းပါ" ဟု ဦးစိုးဝင်းမောင်က ရှင်းပြသည်။

လက်ရှိတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှု အများဆုံးဖြစ်ကာ နယ်စပ်မှ တင်သွင်းရာတွင် လမ်းပန်းအခြေအနေခက်ခဲမှုများ ရှိနေပြီး တရုတ်နိုင်ငံကို တင်ပို့ရာတွင် နယ်စပ်ကသာ အများဆုံးတင်ပို့ကြောင်း သိရသည်။

"နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင်တော့ အိန္ဒိယကို သွားတာများတယ်။ ဒါပေမဲ့ အိန္ဒိယကို နယ်စပ်ကနေသွားတာနည်းတယ်။ ဘာလို့လဲဆိုတော့ လမ်းကြောင်းကလည်း ခက်တာကိုး။ ခက်တဲ့အခါမှာ ပင်လယ်ရေကြောင်းကနေ သွားတာကများပါတယ်" ဟု ဦးစိုးဝင်းမောင်က ဆိုသည်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ ပြည်ပသို့ မတ်ပဲနှင့် ပဲစင်းငုံအပါအဝင် ပဲမျိုးစုံတန်ချိန် ၁၀ သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၈၅၀ ကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ စာရင်းများတွင် ဖော်ပြထားသည်။

ပီယ

## အောင်လံမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်လှစ်

အောင်လံ ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက စက်မှုလယ်ယာဦးစီးဌာန အမှတ် (၁၀) စက်မှုလယ်ယာ စခန်းရုံး၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးတိုးသီလက စက်မှုလယ်ယာကူးပြောင်းမှု အခြေအနေများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပြုသင်တန်း မှတ်စုစာအုပ်များပေးအပ်ပြီး သင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

✧ စာမျက်နှာ ၉ မှ

ပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ပေမယ့်လည်း ပြည်သူတို့အနေနဲ့ ကောလာဟလသတင်းတွေကြောင့် စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်ပြီး လိုသည်ထက် ပိုမိုဝယ်ယူနေကြတဲ့အတွက် အဝင်အထွက် မမျှမတဖြစ်ပေါ်ပြီး အခက်အခဲတွေဖြစ်လာကြတာဖြစ်ပါတယ်။ မော်တော်ယာဉ်တွေများပြားလာသလို စက်သုံးဆီကို ယခင်ကထက် ပိုမိုများပြားစွာဝယ်ယူကြလို့ ဖြည့်တင်းပေးနိုင်မှုစွမ်းအားထက် ကျော်လွန်တဲ့ စက်သုံးဆီအရောင်းဆိုင်အချို့ရှိ စက်သုံးဆီအမျိုးအစားအချို့ဟာ ဆီသယ်ယာဉ် (ဘောက်ဆာ)တွေ မရောက်မီ ဆီအရောင်း ခေတ္တရပ်ဆိုင်းသွားတာဖြစ်ပါတယ်။

### ယာဉ်စီးရေတိုးလာ

ကမ္ဘာတစ်ခွင်နဲ့ မြန်မာနိုင်ငံမှာ လူဦးရေထူထပ်များပြားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မော်တော်ယာဉ်အသုံးပြုမှုတွေ တိုးတက်များပြားလာပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလ ရန်ကုန်မြို့မှာ ခရီးသည်တင်မော်တော်ယာဉ် ၁၅၀၀ ကျော်နဲ့ အများဆုံးရှိခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် ရန်ကုန်မြို့မှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်စီးရေ လေးသောင်းကျော်ရှိလာပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစတင်လို့ မော်တော်ယာဉ်တင်သွင်းခွင့်တွေကို ခွင့်ပြုပေးခဲ့ရာ မော်တော်ယာဉ်တွေ တစ်နှစ်ထက်တစ်နှစ်တိုးလာပြီး သိန်းဂဏန်းရှိလာပါတယ်။ ၂၀၁၁ ခုနှစ်ကစတင်လို့ အစိုးရက မော်တော်ယာဉ်တင်သွင်းခွင့် မူဝါဒတွေကို ဖြေလျှော့ပေးလိုက်တဲ့အတွက် ထိုနှစ်မှာ ယာဉ်စီးရေ ၂ ဒသမ ၃ သန်းကျော် ရှိလာခဲ့ပါတယ်။ ဆယ်စုနှစ်တစ်ခုကြာတဲ့ ၂၀၂၂ ခုနှစ်မှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်စီးရေ ခုနစ်သန်းကျော် ဖြစ်လာခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ ရန်ကုန်မြို့လို မြို့ကြီးတွေမှာ ယာဉ်ကြောပိတ်ဆို့မှု၊ စက်သုံးဆီလိုအပ်မှု တစ်နှစ်ထက်တစ်နှစ် မြင့်မားလာပါတယ်။ စိန်ခေါ်မှုကြီးမားလာပါတယ်။ ဒီစိန်ခေါ်မှုကို နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ ပြည်သူတွေကလည်း အသိတရားနဲ့ ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာတဲ့ မော်တော်ယာဉ်တွေကြောင့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ဆက်ရှိနေမှာဖြစ်ပါတယ်။

### လိုနေသူကိုမျှဝေ

လက်ရှိအခြေအနေမှာ နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားတိုးတက်စေရေး၊ ပြည်သူတွေ လူမှုစီးပွားဘဝ အဆင်ပြေပြီး လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် အရေးပါတဲ့ ပို့ကုန်/သွင်းကုန်မူဝါဒတွေကို ဖြေလျှော့ပေးလိုက်တဲ့အခါမှာ နှစ်သက်သူ၊ မနှစ်သက်သူရှိမှာဖြစ်ပေမယ့်လည်း အများပြည်သူအကျိုးစီးပွားရေးရှုကာ ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ပြည်သူများ အဆင်မပြေဖြစ်အောင် ဆောင်ရွက်မယ်ဆိုရင် ဥပဒေအရ အရေးယူခြင်းခံရမှာ ဖြစ်ပါတယ်။ အများပြည်သူတွေအနေနဲ့ ကောလာဟလသတင်းတွေကြောင့် စက်သုံးဆီပြတ်လပ်မှုနဲ့ ဈေးနှုန်းကြီးမြင့်လာမှာကို စိုးရိမ်ပူပန်မှုတွေဖြစ်ပြီး ပုံမှန်သုံးစွဲမှုပမာဏထက် ပိုမိုများပြားစွာ ဝယ်ယူနေတာကြောင့် လတ်တလောအခက်အခဲ ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ မဖြစ်မနေလိုအပ်ရင် ဝယ်ကြရမှာဖြစ်ပေမယ့် မလိုအပ်ဘဲ လိုတာထက် ပိုမိုဝယ်ယူနေကြတာကို ရပ်တန့်ကြပြီး လိုနေသူတွေကို မျှဝေပေးလိုက်တာဟာ စိတ်ချမ်းသာစရာအခြေအနေတွေဖြစ်လာမှာ သေချာပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးရုံး (UNRCO)တို့အကြား လက်ရှိဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းတွင် နိုင်ငံသားကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရေး မကြာမီဆောင်ရွက်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ စတင်ချိန်တွင် ဒေသခံရခိုင်တိုင်းရင်းသားများအပါအဝင် နိုင်ငံသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးအစီအစဉ်များကို စတင်ပြင်ဆင်ထားရန် ဖြစ်ကြောင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် နိုင်ငံသားကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် အစိုးရအသိအမှတ်ပြုကုမ္ပဏီစု (Govern–ment Designated Entity Consortium) ဖွဲ့စည်းနိုင်ရေး နိုင်ငံပိုင်သတင်းစာများတွင် စိတ်ဝင်စားမှုအဆိုပြုလွှာကြေညာဖိတ်ခေါ်ခဲ့ပြီးဖြစ်၍ အဆိုပြုလွှာတင်သွင်းလာသည့် ကုမ္ပဏီများကို စိစစ်ရွေးချယ်သည့်လုပ်ငန်းစဉ်များ မကြာမီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းသည် နိုင်ငံတော်အတွက်သာမက နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားလူငယ်များအတွက်လည်း အခွင့်အလမ်းများ ပေါ်ပေါက်စေမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်ဆောင်ရွက်နိုင်ရေးအတွက်လည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲရေးကော်မတီအနေဖြင့်လည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်များအနေဖြင့် ဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ဇုန်ပြင်ပရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အထူးစီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ် ၂၁ ဦးတို့ တက်ရောက်ကြသည်။

ဦးစွာ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ ငါးနှစ် စီမံကိန်း(၂၀၂၂–၂၀၂၆)၏ (၂၀၂၃)ခုနှစ် လုပ်ငန်းစီမံချက်တွင် မိမိတို့လုပ်ငန်းကော်မတီက အဓိက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းရပ် ၃၆ ခုတွင် ၂၃ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုလမ်းကြောင်းများ၊ လူကုန်ကူးမှုပုံစံအသစ်များနှင့် အသုံးပြုသည့်နည်းလမ်းများကို အထူးဂရုပြု တားဆီးကာကွယ်ရေး၊ လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်နိုင်ရေး၊ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းနယ်ပယ်များကို ထည့်သွင်းစဉ်းစားရေးဆွဲကြရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကိုဖော်ထုတ်၍ ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးဆုံးဖြတ်ချက် ၁၀ ချက် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထရဝပ်မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းက မွေးမြူသည့် နို့စားနွားများအတွက် ဖြည့်စွက်အစာများ ထောက်ပံ့

**ပူတာအို ဒီဇင်ဘာ ၁၁**

ကချင်ပြည်နယ် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ထရဝပ်မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း၌ နို့စားနွား ၁၅ ကောင် မွေးမြူထားရှိသည်။ အဆိုပါ နို့စားနွားများအတွက် နေဗီယာမြက် နှစ်ကေ စိုက်ပျိုးထားရှိပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်နယ်သမဝါယမဦးစီးဌာန၏စီစဉ်ဆောင်ရွက်မှုဖြင့် ပဲဖတ် ပိဿာ ၁၀၀ နှင့် ဆန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ဆန်စက်မှ ထောက်ပံ့သော ဖွဲနုနှင့် ဆန်ကွဲ ငါးအိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀ အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က နို့စားနွားခြံသို့ သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ပို့စကတ်ထုတ်ဝေ













ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပို့စကတ် ၄ မျိုးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါပို့စကတ် ၄ မျိုးအား **"မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂေါ်ရန်ဂျီကျွန်းအလှ၊ မြန်မာ့ယဉ်ကျေးမှုအကအလှ၊ ပြည်ထောင်စုတိုင်းရင်းသားများအက"** ဓာတ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၂၀၀ ကျပ် နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများအား ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ အခမ်းအနားပြင်ဆင်နေမှု၊ ပြခန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ LED ဘုတ်များ တပ်ဆင်မှု၊ လျှပ်စစ်မီးနှင့် အသံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ဂါရဝပြုတွေ့ဆုံ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ ဆင်ဖြူရှင်ဧည့်ရိပ်သာ၌ ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများအား သွားရောက်ဂါရဝပြုတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေဆုရပညာရှင်များ၊ ဆုရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က စာပေပညာရှင်များနှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆုပေးပွဲကျင်းပမည့် အခမ်းအနားကို နိုင်ငံတော်အဆင့်အဖြစ် ပြင်ဆင်ထားပါကြောင်း၊ ယခင်နှစ်ကထက် ပိုမိုကောင်းမွန်သည့် အစီအစဉ်ကောင်းများ ထည့်သွင်းကျင်းပရန် စီစဉ်ထားပါကြောင်း၊ စာပေလေ့လာနိုင်ရန်အတွက် သုတ၊ ရသစာပေပြခန်းများလည်း ပြင်ဆင်ထားရှိပါကြောင်း၊ တစ်သက်တာဆုရှင်များအနေဖြင့် တပ်မတော်ဆေးရုံတွင် အခမဲ့ဆေးကုသနိုင်ပါကြောင်း၊ ဧည့်ရိပ်သာတွင်လည်း နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များအပြင် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးပေးခန်းလည်း စီစဉ်ထားရှိပါကြောင်း၊ စာပေပညာရှင်ကြီးများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန်လည်း စီစဉ်ထားပါကြောင်း၊ ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ချင်သူများအနေဖြင့်လည်း စစ်ဆေးနိုင်ရန် စီစဉ်ထားပါကြောင်း ပြောကြားသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်ကြီးများက ဆုရရှိသည့် စာအုပ်များနှင့် အခြားစာအုပ်များကို အမှတ်တရလက်ဆောင်ပေးအပ်သည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းဖေ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ လမ်းများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ဦးခရိုင်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတားတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် အင်ဂျင်နီယာချုပ်များက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက စည်းလုံးညီညွတ်စွာ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရန်၊ ဘဏ္ဍာရေးနှစ် နောက်ဆုံး သုံးလပတ် နီးကပ်လာပြီဖြစ်၍ လုပ်ငန်းများအမြန်ပြီးပြတ်ရန်နှင့် စာရင်း၊ ဇယားများ ရှင်းလင်းစွာဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးလေဆိပ်အဝင်လမ်း ကတ္တရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းများနှင့်အညီ လက်ရာလက်သား ကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးမှာကြားပြီး ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၇)မှ တာဝန်ယူတည်ဆောက်မည့် ညောင်ဦးမြို့နယ် ဘက်စုံသုံး မြို့နယ်ခန်းမ အဆောက်အဦသစ် မြေနေရာသို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ဗိသုကာပုံစံများ၊ လုပ်ငန်းစီမံချက်များ၊ မြေနေရာရရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ကမ္ဘာ့အမွေအနှစ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖြစ်သဖြင့် ဗိသုကာဒီဇိုင်း၊ အမြင့်ကန့်သတ်ချက်များရှိ၍ သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်ရယူ၍ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦ အထူးအဖွဲ့(၇)မှ ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းဘုရားများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဘုရားများ ပြင်ဆင်မွမ်းမံထိန်းသိမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက ကမ္ဘာ့အမွေအနှစ်ရှေးဟောင်းဘုရားများဖြစ်၍ မူလလက်ရာမပျက် မွမ်းမံထိန်းသိမ်းရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးလေဆိပ်မီးပွိုင့်မှ ပုဂံမြို့သစ်အဝင်လမ်း (လမ်းသစ်) Road Line ရေးဆွဲခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# (၁၀၅)ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ သံဃာတော် ၂၁၇ ပါး ရေးဖြေ ဖြေဆို

**ရန်ကုန် ဒီဇင်ဘာ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ နေပူခံကျောက်ပြားများ ခင်းကျင်းဆောင်ရွက်နေမှု၊ တောင်ဘက်တန်ဆောင်းရှိ Pagoda Digital Directory Control Center ထားရှိမည့်နေရာ၊ တောင်ဘက်တန်ဆောင်းလှေကားများ ပြုပြင်မှုနှင့် ပုညကုသလဗဟုကရအသင်းစောင်းတန်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ဝင်များအား လိုအပ်သည်များ မှာကြားသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရာဟုထောင့်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်းတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပနေသည့် (၁၀၅)ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် ကြီးကြပ်ဆောင်ရွက်တော်မူကြသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၁၀၅)ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ရေးဖြေ ဖြေဆိုနေကြသည့် သီးခြားစာချတန်း ၃၈ ပါး၊ သီးခြားစာသင်တန်း ၁၇၉ ပါး စုစုပေါင်း ၂၁၇ ပါး ဖြေဆိုနေမှုကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

စေတီယင်္ဂဏအသင်းကြီးကို ၁၈၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စာလျှောက်မေးပွဲကြီးအား ၁၉၁၈ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ရွှေတိဂုံစေတီတော် ရင်ပြင်၌ ပရိယတ္တိစာမေးပွဲများကျင်းပ၍ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲများ ကျင်းပဆောင်ရွက်ပေးခဲ့ပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အသင်းကြီးထံမှ လွှဲပြောင်းတာဝန်ယူ၍ ၁၉၈၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ယခင်ရှေးအစဉ်လာများအတိုင်း စာလျှောက်မေးပွဲကြီးကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် သီးခြားစာသင်တန်းနှင့် သီးခြားစာချတန်းဟူ၍ နှစ်မျိုးရှိရာ သီးခြားစာသင်တန်းဖြေသံဃာများကို အသက် ၃၀ အတွင်းသာ ဖြေဆိုခွင့်ပြုပြီး သီးခြားစာသင်တန်းအောင်ပြီး သီးခြားစာချတန်းကို အသက် ၃၅ နှစ်အတွင်းသာ ဖြေဆိုခွင့်ရှိကြောင်း သိရသည်။

ယခင်(၁၀၄)ကြိမ်မြောက် စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းမှ စာဖြေသံဃာတော် လေးပါးနှင့် သီးခြားစာသင်တန်းမှ ရေးဖြေသံဃာတော် ၁၁ ပါး စုစုပေါင်း သံဃာတော် ၁၅ ပါးတို့ အောင်မြင်တော်မူခဲ့ပြီး ယခုနှစ် (၁၀၅)ကြိမ်မြောက် စာလျှောက်မေးပွဲတွင် သီးခြားစာချတန်း၌ သံဃာတော် ၃၈ ပါး၊ သီးခြားစာသင်တန်း၌ သံဃာတော် ၁၇၉ ပါး စုစုပေါင်း သံဃာတော် ၂၁၇ ပါးတို့ ဖြေဆိုတော်မူကြကြောင်း သိရသည်။ **သတင်းစဉ်**

# စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံကောင်းမွန်စေရန်လိုအပ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းအောက် ကျဆင်းခဲ့သည့် ဒေသများရှိ လယ်မြေများတွင် စိုက်နည်းစနစ်၊ မျိုး၊ မြေအမျိုးအစား စသည်တို့ကို စာရင်းကောက်ယူ၍ နောက်နှစ် မိုးစပါးရာသီတွင် လိုအပ်ချက်များ အချိန်မီပြင်ဆင်နိုင်ရေး အသိပညာပေးသွားရမည် ဖြစ်ကြောင်း၊ စီမံကိန်းသီးနှံများအပြင် စားဖိုဆောင်သီးနှံများကိုလည်း မိုးညိုမြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် စိုက်ပျိုးရေးဇုန်များ ဖော်ထုတ်၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ဈေးကွက်ရရှိရေး၊ ကုန်ထုတ်လမ်းရရှိရေးနှင့် အချိန်မီ ကုန်စည်စီးဆင်းနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ရှိဘက်စတာ ကော်ဖီစိုက်ပျိုးရန် သင့်လျော်မှုရှိသော ဒေသများရှိ နှစ်ရှည်သီးနှံ၊ သစ်တော/သစ်မာစိုက်ခင်းများတွင် ရောနှောစိုက်ပျိုးနိုင်ရေး မျိုးလိုအပ်ချက်များ အချိန်မီဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်း ပြောကြားသည်။




ထို့နောက် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက မြို့နယ်အလိုက် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထားရှိမှုနှင့် သတ်မှတ်သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် အကြံပြုတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ခရိုင်/မြို့နယ်များ၏ စိုက်ပျိုးသီးနှံအလိုက် အထွက်နှုန်းများနှင့်ပတ်သက်၍ သုံးသပ်ချက်များဖြင့် ပြန်လည်ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အသေးစိတ် လမ်းညွှန်မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ခုနှစ်တွင် သီးထပ်စွမ်းအား ၆၈ ဒသမ ၀၆ ရာခိုင်နှုန်း၊ သီးနှံစိုက်စွမ်းအား ၁၇၁ ဒသမ ၅၆ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် သီးထပ်စွမ်းအား ၈၅ ဒသမ ၇၈ ရာခိုင်နှုန်းနှင့် သီးနှံစိုက်စွမ်းအား ၁၈၈ ဒသမ ၁၄ ရာခိုင်နှုန်းအထိ တိုးတက်ရရှိနိုင်ရေး ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးခြင်းဖြင့်စားသုံးဆီဖူလုံစေရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြား

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနရုံးတွင် တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လယ်ယာကုန်ထုတ် လုပ်ငန်းများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ရေရရှိရေးနှင့် စက်မှုလယ်ယာစနစ် ဖော်ဆောင်ပေးနိုင်ရေး၊ သွင်းအားစု မှန်ကန်အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေ စီမံခန့်ခွဲအသုံးပြုခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် သုတေသန လုပ်ငန်းများတွင် တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသန ဗဟိုဌာန(မကွေး)ခြံတွင် ဆောင်ရွက်ထားရှိသည့် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်သော သီးနှံပုံစံအတွဲများ စမ်းသပ်စိုက်ပျိုးထားရှိမှု၊ မြေပဲသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး သရုပ်ပြစမ်းသပ်ကွက်၊ ရေသွင်းနည်းစနစ်အမျိုးမျိုး အသုံးပြု၍ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး(ဝဲပုံ) ဒေသနှင့် သင့်လျော်သည့် အထွက်ကောင်း အရည်အသွေးကောင်း သီးနှံမျိုးများနှင့် စပ်မျိုးများ သုတေသနပြုမျိုးမွေးမြူ ရွေးချယ်ပေးရန်လိုအပ်ချက်များ၊ လက်တွေ့အသုံးချသုတေသန ရလဒ်များအား သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဌာနများနှင့် ပူးပေါင်း၍ တောင်သူများလက်ဝယ်အရောက်ပို့ဆောင်ပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့ပိုးသတ်ဆေးများထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသည့် တမာပိုးသတ်ဆေး စမ်းသပ်ကြိတ်ခွဲထုတ်လုပ်နေမှု၊ ဂွတ်ဘရားသား ကုမ္ပဏီ၏ နွားနောက်၊ နို့စားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှု၊ တောင်သူနှင့် မွေးဖက်ပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၁

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပနိုင်ရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုတင်ပြင်ဆင်ထားရှိ**

အခမ်းအနားတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်၍ ဆောင်ရွက်ရန်စီစဉ်ထားပါကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်တွင် တက်ရောက်နေသော မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအနေဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဆောင်ရွက်နေမှုများ၊ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပနေမှုများကို လေ့လာသိရှိနိုင်ရန်နှင့် နောင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းမျှဝေပေးနိုင်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ညီလာခံကိုကျင်းပရခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြစေလိုကြောင်း၊ ပြခန်းများအား အများပြည်သူ စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသရန်၊ ဆွေးနွေးမည့် အကြောင်းအရာနှင့် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းများတွင် တိုင်းရင်းဆေးရပ်ဝန်းတစ်ခုလုံးက ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဦးစီးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဟင်္သာတမြို့ ဖောင်ဆိပ်ကျေးရွာ၌ ဘေးဒဏ်ခံစာသင်ကျောင်း ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထောက်ကြံ့ အမျိုးသမီးလေးများသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသူများအား ကျောင်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ ဘဝလမ်းကြောင်းကို အသိပညာ၊ အတတ်ပညာ၊ စဉ်းစားတွေးခေါ်တတ်မှုတို့ဖြင့် လျှောက်လှမ်းနိုင်ရေးကြိုးစားလေ့လာသင်ယူကြရန် မှာကြားသည်။



ဟင်္သာတမြို့ ဖောင်ဆိပ်ကျေးရွာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောက်လုပ်နေသော ဘေးဒဏ်ခံစာသင်ကျောင်း (School cum Shelter) တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးပြီး သာမန်အချိန်တွင် စာသင်ကျောင်းအဖြစ် အသုံးပြုပြီး ဘေးအန္တရာယ်ကျရောက်ချိန်တွင် ခိုလှုံရာနေရာအဖြစ် အသုံးပြုခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းသက်သာစေရေး နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ခွင့်ပြုချထားပေးခြင်းဖြစ်၍ တည်ဆောက်မှုပိုင်းတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တိကျစွာ ဆောက်လုပ်ရန်နှင့် စနစ်တကျထိန်းသိမ်းအသုံးပြုရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်နိုင်ရေးနှင့် အဆောက်အအုံပြီးစီးပါက အမြန်ဆုံးပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟင်္သာတမြို့ ...

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟင်္သာတခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့သွားရောက်ပြီး ကယ်ဆယ်ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်သတိပြု၍ လိုအပ်သော မီးငြိမ်းသတ်ရေးပစ္စည်းများ ဖြည့်တင်းထားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဟင်္သာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ၊ လက်ရှိကြုံတွေ့နေရသော နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ပဲထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၁



နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "နိုင်ငံတော်အတွက် အသက်ကို ပဓာနမထားဘဲ တိုက်ပွဲဝင်နေတဲ့ တပ်မတော်သားများ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၆၆၂၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၁-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၆၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မြန်မာနိုင်ငံ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများနှင့် MNDAA၊ TNLA၊ AA အဖွဲ့တို့မှ တာဝန်ရှိသူများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် နိုင်ငံရေးအရဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်၊ ၁၁-၁၂-၂၀၂၃ ရက်နေ့ ရခိုင်ပြည်နယ် ဗောဓိကုန်းရဲကင်းစခန်း၊ ကရင်ပြည်နယ် ကော့ကရိတ်၊ ကျိုက်ဒုံတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ နိုင်ငံတော်ဝန်ကြီးချုပ် လားရှိုးမြို့သို့သွားရောက်ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့်ပတ်သက်၍ ကူညီပံ့ပိုးမှုများ၊ နေရပ်ဒေသတွင် ပြန်လည်အခြေချနိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ မြန်မာနိုင်ငံ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီက တာဝန်ရှိတဲ့သူတွေနဲ့ MNDAA၊ TNLA၊ AA အဖွဲ့က တာဝန်ရှိတဲ့သူတွေဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အကူအညီနဲ့ နိုင်ငံရေးအရ ဖြေရှင်းနိုင်ဖို့ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါတယ်။ ဒီဆွေးနွေးမှုပေါ်မှာ မူတည်ပြီး၊ တိုးတက်မှုအခြေအနေအပေါ်မှာမူတည်ပြီး ဒီလကုန်ခန့်မှာလည်း ထပ်မံဆွေးနွေးသွားဖို့ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ ရခိုင်ပြည်နယ်ဘက်မှာတော့ ဗောဓိကုန်းရဲကင်းစခန်းကို အဝေးကနေလာရောက်ပစ်ခတ်တာရှိခဲ့ပါတယ်။ ကရင်ပြည်နယ်ဘက်မှာတော့ ကော့ကရိတ်၊ ကျိုက်ဒုံလမ်းဆုံမှာ ထိတွေ့မှုအနည်းငယ်ဖြစ်ပွားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝပြန်လည်တည်ငြိမ်စေရေးတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက မနေ့ကတော့ နိုင်ငံတော်ဝန်ကြီးချုပ် လားရှိုးမှာသွားရောက်ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများနဲ့ တွေ့ဆုံခဲ့ပါတယ်။ စစ်သည်/ရဲမေများနဲ့ တွေ့ဆုံခဲ့ပါတယ်။ ယာယီတိုက်ပွဲရှောင် ပြည်သူများနဲ့ပတ်သက်ပြီး ကူညီပံ့ပိုးမှုများ ပြန်လည်ပြီးနေရပ်ဒေသမှာ အမြန်ဆုံးအခြေချနိုင်ဖို့လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အထူးအလေးထားပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေနဲ့လည်း၊ ဝန်ကြီးများအနေနဲ့လည်း မနေ့ကခရီးစဉ်မှာ သက်ဆိုင်ရာဌာနတွေကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ လိုအပ်ချက်တွေကို အမြန်ပြန်လည်ဖြည့်ဆည်းပြီး ပြည်သူတွေရဲ့လူမှုစီးပွားဘဝ ပြန်လည်ကောင်းမွန်လာစေရေး၊ တည်ငြိမ်လာစေရေး အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



❂ ဝိုင်ဘီအက်စ်မှ

"လက်ရှိမှာ Application က အသုံးပြုလို့ရတဲ့ အခြေအနေကို ရောက်နေပါပြီ။ အဆင့်လိုက် အကောင်အထည်ဖော်နေတာဖြစ်ပြီး ခန့်မှန်းခြေအားဖြင့် ဒီဇင်ဘာလကုန် ဒါမှမဟုတ် ၂၀၂၄ ခုနှစ်အစပိုင်းမှာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ငွေပေးချေမှု သီးသန့်သက်သက်မဟုတ်ဘဲ Life Style ပုံစံမျိုး လုပ်ထားတာဖြစ်ပြီး အလုပ်အကိုင်၊ ကျန်းမာရေး စတဲ့ သတင်းအချက်အလက်တွေထည့်ထားတဲ့အပြင် တခြားဖျော်ဖြေရေးကဏ္ဍတွေလည်း ပါပါတယ်။ လက်ရှိ YPS Card သုံးနေတဲ့သူတွေလည်း ဒီ Application ကနေ ကတ်မှာ ငွေဘယ်လောက်ကျန်တယ်၊ ငွေဘယ်လောက်ဖြည့်ခဲ့တယ်၊ ယာဉ်စီးခတွေ ဘယ်လိုပေးချေခဲ့တယ်ဆိုတာကို ကြည့်ရှုလို့ရပါတယ်။ အဓိကကတော့ YPS Card မဝယ်ထားတဲ့သူတွေအနေနဲ့ ဖုန်းရှိရုံနဲ့ ယာဉ်စီးခပေးချေနိုင်အောင် ရည်ရွယ်ပြီး လုပ်ဆောင်ထားတာ ဖြစ်ပါတယ်" ဟု ကိုကျော်သိန်းက ရှင်းလင်းပြောကြားသည်။

YPS QR Code ဖြင့် ယာဉ်စီးခပေးချေနိုင်မည်ဆိုပါက ခရီးသွားပြည်သူများအတွက် ပိုမိုအဆင်ပြေနိုင်ပြီး ငွေအကြွေ ရှားပါးမှုအခက်အခဲကိုလည်း အထိုက်အလျောက်ပြေလည်သွားစေနိုင်ကာ ငွေဖြည့်သွင်းမှုများလည်း ပိုမိုအဆင်ပြေစေနိုင်ကြောင်း၊ လက်ရှိတွင် YPS Card ဖြင့် ယာဉ်စီးခ ပေးချေနိုင်သည့်စနစ်ကို ဝိုင်ဘီအက်စ်ယာဉ်လိုင်း ၁၈ လိုင်းရှိ ယာဉ်စီးရေ ၃၅၈၀ တွင် တပ်ဆင်ထားပြီး ဆက်လက်တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ YPS ကတ်အရေအတွက် လေးသိန်းခန့် ဖြန့်ချိထားနိုင်ပြီး အဆိုပါအရေအတွက်၏ ၅၀ ရာခိုင်နှုန်းကျော်မှာ အသုံးပြုလျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင်း၌ ဝိုင်ဘီအက်စ်ယာဉ်လိုင်း ၁၃၁ လိုင်းမှ ယာဉ်အစီးရေ ၃၆၀၀ ကျော်ဖြင့် ခရီးသွားပြည်သူဦးရေ ၁၅၀၀၀၀၀ ခန့်ကို နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း ယနေ့ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

လင်းရာမ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၆၅ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၀၀ | ၂၅၈၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၈၅ | ၂၉၅၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၀၅ | ၂၇၀၅ | ၂၇၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၈၉၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၂၀ | ၂၄၁၅ | ၂၃၁၀ | ၂၃၂၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၆၀ | ၂၅၉၀ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၄၈ | ၂၄၂၈ |
| 95 Ron | ၂၄၅၄ | ၂၅၃၆ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (50 ppm) | ၂၁၅၇ | ၂၂၃၀ |
| HSD (10 ppm) | ၂၁၆၀ | ၂၂၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကျောက်တန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

ရန်ကုန် ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ ကလေးသူငယ်များ သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ကျောက်တန်းမြို့(မြို့မ)အခြေခံပညာအလယ်တန်းကျောင်း ရွှေသန်လျင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်းက အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူလေးများ ကစားမည့်အသိပညာပေးဂိမ်းကစားနည်းများဖြင့် သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးနှင့် တုံ့ပြန်နိုင်ရေးအတွက် ပညာပေးသရုပ်ပြသခဲ့ကြသည်။ ဘော်ဂါသွေး



❖ ကျောဖုံးမှ

မောင်ခိုင်ခန့် က ကြေးတံဆိပ် တစ်ခု၊ အမျိုးသမီး(–57)kg ပြိုင်ပွဲတွင် မငွေပုံချစ် က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာဂျူဒိုအားကစားအဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ပွဲများအပြီးတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်ရှစ်ခုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေတိဂုံစေတီတော်၏ ဝင်ကြေး၊ အလှူငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်နှင့် ဗိုလ်တထောင်စေတီ၏ အလှူငွေနှင့်ဝင်ကြေး အမေရိကန်ဒေါ်လာများကို အမေရိကန် တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ငွေလဲနှုန်းဖြင့် တန်ဖိုးဖြတ်၍ မြန်မာကျပ်ငွေများ ပြန်လည်ထုတ်ပေးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများ ဝါဒဖြန့်ရေးသားလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

ရွှေတိဂုံစေတီတော်ကြီးသို့ လှူဒါန်းထားသော အလှူငွေများနှင့် ဝင်ကြေးများမှ ဘဏ်များတွင် အပ်ငွေအဖြစ် အပ်နှံထားသော အမေရိကန်ဒေါ်လာများကို တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ငွေလဲနှုန်းဖြင့် တန်ဖိုးဖြတ်သိမ်းယူပြီး မြန်မာကျပ်ငွေများ ပြန်လည်ထုတ်ပေးခဲ့ကြောင်း၊ ထို့အတူ ဗိုလ်တထောင်စေတီ၏ အလှူငွေနှင့်ဝင်ကြေး အမေရိကန်ဒေါ်လာများကိုလည်း တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ငွေလဲနှုန်းဖြင့် တန်ဖိုးဖြတ်၍ မြန်မာကျပ်ငွေများ ပြန်လည်ထုတ်ပေးခဲ့ကြောင်း ဂေါပကအဖွဲ့၊ ဘဏ္ဍာရေးနှင့်နီးစပ်သော သတင်းရင်းမြစ်က ပြောသည်ဟု လုပ်ကြံသတင်းတုများအား တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit မှ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media မှ ဘာသာရေးဆိုင်ရာ စေတီပုထိုးများနှင့် ပတ်သက်၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများ ပြုလုပ်ခြင်းဖြစ်ပြီး သတင်းအမှားသာဖြစ်ကြောင်း သိရသည်။


Khit Thit Media
2 hours ago
See more


တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ကာ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


Khit Thit Media
1h
ရွှေတိဂုံစေတီတော်၏ အလှူငွေနှင့် ဝင်ကြေးအဖြစ် ရရှိသော အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ထက်မနည်းကို စစ်ကောင်စီက သိမ်းယူ၊ တစ် ဒေါ်လာလျှင် ၂၁၀၀ ကျပ်နှုန်းဖြင့် တန်ဖိုးဖြတ်၍ ကျပ်ငွေ ပြန်ထုတ်ပေး

ရန်ကုန်၊ ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံ၏ အထင်ကရ ... စေတီဘုရား တစ်ဆူဖြစ်သော ရွှေတိဂုံ ... ကြီး၏အတွက် လှူဒါန်း... အလှူငွေနှင့် ဝင်ကြေးများမှ ရရှိသော အမေရိကန်ဒေါ်လာများ ကို အပ်ငွေအဖြစ် ... ဘဏ်များတွင် အပ်နှံ ထားရာ ယင်းငွေ... စစ်ကောင်စီက သိမ်းယူ လိုက်ကြောင်း ...

ရွှေတိဂုံစေ...တော်၏ အမေရိကန်ဒေါ်... အပ်ငွေ များကို ...ဒေါ်လာလျှင် ၂၁၀၀ ကျပ်နှု...ဖြင့် စစ် ကောင်...က တန်ဖိုးဖြတ် သိမ်းယူပြီး မြန်မာ...ကျပ်ငွေ များ ...ပြန်လည် ထုတ်ပေးကြောင်း ရွှေတိဂုံစေ... ...ဂေါပကအဖွဲ့၊ ဘဏ္ဍာရေးနှင့်နီးစပ်သော ...တင်းရင်းမြစ်က ပြောသည်။


## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၂၉၄ ဦး၊ အမျိုးသမီး ၅၄ ဦး စုစုပေါင်း ၃၄၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၃၉၅ ဦး၊ အမျိုးသမီး ၁၂၉၂ ဦး စုစုပေါင်း ၁၁၆၈၇ ဦး ဖော်ထုတ်ရရှိခဲ့၍ ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကလောမြို့နယ် ပူးပေါင်းအဖွဲ့မှ ဖူးပွင့်ဆဲဘိန်းခင်း ၁၁ ဧကခန့် ဖျက်ဆီး

ကလော ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် နန်းနိုင်ကျေးရွာအုပ်စု ကျောက်ဆုတ်ကျေးရွာတွင် ကလောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် ကလောမြို့အမှတ်(၃) ခြေလျင်တပ်ရင်းမှ ဗိုလ်ကြီး မိုးဇော်ခိုင်တို့ဦးစီး၍ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများပါဝင်သည့် ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၈ နာရီမှစတင်၍ ဘိန်းခင်းများကို ရှာဖွေကာလိုက်လံဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် နန်းနိုင်ကျေးရွာအုပ်စု ကျောက်ဆုတ်ကျေးရွာ၏ အနောက်ဘက်နှစ်မိုင် နှစ်ဖာလုံခန့်အကွာ တောင်ကြားနံရံများကြားရှိ အမြင့် နှစ်ပေမှ လေးပေခန့်ရှိ ဖူးပွင့်ဆဲ ဘိန်းခင်း ၂ ဒသမ ၅ ဧက၊ ဆက်လက်ရှာဖွေရာ ဖူးပွင့်ဆဲဘိန်းခင်း ၃ ဒသမ ၅ ဧက တို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဘိန်းခင်းဖျက်ဆီးရေးပူးပေါင်းအဖွဲ့သည် နန်းနိုင်ကျေးရွာအုပ်စု မြေခြားကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ တောင်ကြားနံရံများကြားရှိ အမြင့် သုံးပေမှ လေးပေခန့်ရှိ ဖူးပွင့်ဆဲဘိန်းခင်း သုံးဧက၊ ဆက်လက်ရှာဖွေရာ ဖူးပွင့်ဆဲဘိန်းခင်း နှစ်ဧကခန့် စုစုပေါင်း ဘိန်းခင်း ၁၁ ဧကတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဟိုပုံးမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ရွာသစ်ကျေးရွာအနီး တောင်ကြီး-လွိုင်လင် သွားကားလမ်းတွင် စိုင်းထွန်းလူ(ခ) စိုင်းနော်ခေး မောင်းနှင်လာသည့် HIACE ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၉ ဒသမ ၀၉ ကီလို၊ ကက်တမင်း ၁၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများအား တာချီလိတ်မြို့နယ်မှ တောင်ကြီးမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် လူငယ်များအား အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းများကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ဒီဇင်ဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mg Zaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကွင်းမြောင်ကျေးရွာနေ မောင်ဇော်အား မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင်လည်းကောင်း “Yaputti Yaputti” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စီမံကိန်းရပ်ကွက်နေ ဝေယံထွန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ငူမြို့နှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

တောင်ငူမြို့နှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တောင်ငူမြို့ (၁၉)ရပ်ကွက်ရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ အောင်ကျော်ဟိန်း(ခ)အောင်ကျော်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာအုပ်စု ကောင်းမူးကျေးရွာရှိ မဝင်းနွဲ့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် ဘိန်းဆီခဲ သုည ဒသမ ၀၀၃၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီ ၁၅ မိနစ်တွင် မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာအုပ်စု ကောင်းမူးကျေးရွာနှင့် ပူနားကိုကျေးရွာသွားကားလမ်းတွင် ရဲထက်ပိုင်အား စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့်အတူလည်းကောင်း ဆက်လက်



အောင်ကျော်ဟိန်း(ခ)အောင်ကျော်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်၍ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဒီဇင်ဘာ ၁၁

ရေလုပ်ငန်းလုပ်ကိုင်ရန် ပို့ဆောင်၍ လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဝင်းကို (ခ) အရှည်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဒေါ်နီနီဝင်း (ခ) မဗိုက်တို့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မောင် ----၊ ၁၆/၂၀၂၂ နှစ်အား ငါးဖမ်းစက်လှေတွင် ရေလုပ်သား အဖြစ် လုပ်ကိုင်ပါက လစာကောင်းကြောင်း၊ အလုပ်ရှာပေးမည်ဟု စည်းရုံးပြောဆို၍ ဖျာပုံမြို့ရှိ ကြည်ပြာလှိုင်းစက်လှေသို့ ပို့ဆောင်ကာ လုပ်အားခငွေကျပ် ၁၀ သိန်းအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့မ ရဲစခန်းက (ပ) ၉၇/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး အင်းစိန်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် တရားခံဝင်းကို (ခ) အရှည်ကြီးနှင့် ဒေါ်နီနီဝင်း (ခ) မဗိုက်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လယ်ဝေးမြို့နယ်၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၄၈၄) ကိုလည်းကောင်း၊ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့၌ တရားမဝင် သစ်မာ ၂၀ ဒသမ ၇၄ တန်နှင့် အခြားသစ် ၁၈ ဒသမ ၇၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၃၀၄၀)ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၈၅၂၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် ဒီဇင်ဘာ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာ တာချီလိတ်၊ မယ်ယန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး ၃၂ လုံးအပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၁၀ ရက်တွင် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်၌ လိုင်စင်မဲ့ Alphard ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ကန့်ဘလူမြို့နယ် တောကွက်ရှပ်ကျေးရွာသွားကားလမ်းဘေးအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စက်သုံးဆီ ဓာတ်ဆီ ၁၀၂ ဂါလန်နှင့် ဒီဇယ်ဆီ ဂါလန် ၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၈၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၈၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၄၉၆၆၅၂၄ ကျပ်)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အမျိုးသားနေ့အနှစ်သာရများကို ဖော်ဆောင်ကြစေရေး”** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တူယှဉ်ဆင်နွှဲ ခရစ္စမတ်ပွဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို MESSAGE ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁၂-၂၀၂၃ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ‘သရေခေတ္တရာပျူမြို့ဟောင်းဆီသို့ အလည်တစ်ခေါက်’
- ၀၉:၁၅ နဝင်္ဂဥပေါသထသီလပေးတရားတော်
- ၀၉:၃၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၅ Sports Diary
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၂:၃၅ ‘သင့်သဘောအတိုင်းပါပဲ’ တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘**ဆုတောင်းပြည့်ကြယ်တာရာစေတလာ**’ (အပိုင်း-၁၇)
- ၁၄:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘**ဘတ်စကက်ဘောအက်ဒေး**’ (အပိုင်း-၃၆)
- ၁၅:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘**ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း**’ (အပိုင်း-၇၈)
- ၁၆:၃၅ ‘ကမ္ဘာတစ်လွှားအနုပညာသတင်းများ’
- ၁၇:၁၀ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး’
- ၁၇:၄၀ ‘ပြုပြင်ရှုမြင်မြန်ပြည်တစ်ခွင်’
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
- ၁၉:၀၀ မေးမြန်းဖြေကြားပြည်သူ့အတွက်သတင်းစကား
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘**ဘတ်စကက်ဘောအက်ဒေး**’ (အပိုင်း-၃၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘**တားဆီးကျော်ဖြတ်စုံဝမ်းငေါ်ထုတ်**’ (အပိုင်း-၂၄)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ ‘**အချစ်ရဲ့အိပ်မက်တန်ဖိုး**’ (အပိုင်း-၄)

### mitv

- 07:01 EEvergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 Products of Myanmar - Bamboo Hat
- 07:20 Myanmar Traditional Snacks: Popped Rice Ball
- 07:26 IChef Life: Kelvin Hong Song (Chinese Chef)
- 08:01 News
- 08:26 Asia Updates; Firefly Protect our glowing friends! (Part-2)
- 08:41 Jade Pagoda: Weirawsana
- 09:01 Myanmar Cultural Identities (Kinnari & Kinnara)
- 09:20 The Strokes of Myanmar
- 09:46 Broom Making Business
- 10:01 News
- 10:27 Myanmar Orchestra: A Blend of Arts!

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
နွံထဲကရွှေကြာ

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝေလှရှိုးရာ (တိုင်းမောဝ်း၊ တိုင်းနေ၊ တိုင်းလျှန်)

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
Coffee ထုပ်ခွံဖြင့် လူ့အသုံးအဆောင်ပြုလုပ်ပုံ

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၈

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ပကြောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
လှပ်ခဲ့ပါလေ ဒေါင်းဖြူမြေ

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ခံတွင်းမြိန်စေမယ့် ဒေါ်လေးရဲ့လက်ရာ

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ (အပိုင်း-၅၅)

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ပိန်းပုပ်ရွက်ပြုလုပ်ခြင်းနှင့် ဟင်းလျာချက်ပြုတ်ခြင်း

**မွန် (၂၁:၀၀ မှ ၂၂:၀၀)**
မွန်ဘာသာစကား ပြောကြရအောင် (အပိုင်း-၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့် အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘သိလျက်နဲ့ထိန်ချန်မှု’
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၉)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပျိုးမွေးကဏ္ဍမြှင့်တင်စို့
- ၀၆:၅၅ ကျားမျိုးထိန်းသိမ်းမှုနှင့်တိုးပွားလာနေသည့် ကျားကောင်ရေ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ အွန်လိုင်းပေါ်ကစီညာဉ် (အပိုင်း-၁)
- ၂၂:၀၀ အွန်လိုင်းပေါ်ကစီညာဉ် (အပိုင်း-၂)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ ရွှေခေတ်ရောက်ခဲ့သည့် ပြေးခုန်ပစ်အားကစား

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm



## ကော့မှူးမြို့နယ်၌ မိုးစပါး ၁၀၇၂၄ ဧကကျော် ရိတ်သိမ်း ခြွေလှေ့ပြီးစီး

**ကော့မှူး ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်းစားနပ်ရိက္ခာ ဖူလုံစေရန်နှင့် ပြည်ပသို့တင်ပို့နိုင်ရန် ရည်ရွယ်၍ မိုးစပါးသီးနှံ စိုက်ဧက ၈၈၀၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဓိက စိုက်ပျိုးသည့် စပါးသီးနှံများမှာ ရက် ၉၀ မျိုး ဧက ၈၆၅၀၊ သီးထပ်ရင်မျိုး ၂၁၂၆ ဧက၊ ဧယာမျိုး ၉၉၉ ဧက၊ ဧည့်မထ (အထွက်ကောင်း) မျိုး ၁၉၅ ဧက၊ ငစိန်မျိုး ဧက ၃၃၈၄၀၊ မြီးတုံးမျိုး ၂၁၆၅၅ ဧက၊ ငကျဲ (တောင်ပျံ) မျိုး ၁၉၈၀၂ ဧက၊ ကောက်ညှင်းမျိုး ၈၁၄ ဧကနှင့် ငစိန်မျိုး ဧက ၃၃၈၄၀ တို့ကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ကော့မှူးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးသီးနှံစိုက်ခင်းများကို နိုဝင်ဘာလ (ဒုတိယပတ်) မှ စတင်၍ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ လက်ရှိအချိန်အထိ တစ်မြို့နယ်လုံးအနေဖြင့် မိုးစပါးသီးနှံ ၁၀၇၂၄ ဧကကျော် ရိတ်သိမ်းခြွေလှေ့ပြီးဖြစ်ရာ စပါး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၇၆ ဒသမ ၂၅ တင်းခန့် ထွက်ရှိကြောင်း ကော့မှူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

## ကန့်ဘလူခရိုင်အတွင်းရှိ စပါး၊ ဆန် ဈေးနှုန်းများ

**စစ်ကိုင်း ဒီဇင်ဘာ ၁၁**



စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ကျပ် ၃၅၅၀၀၀၀၊ ရောမင်းစပါးတင်း ၁၀၀ လျှင် ကျပ် ၂၉၀၀၀၀၀ နှင့် နွေစပါး (ရွှေဝါထွန်း) တင်း ၁၀၀ လျှင် ကျပ် ၁၆၁၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၅၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဒေသခံဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**လွယ်ဂျယ် ဒီဇင်ဘာ ၁၁**

လွယ်ဂျယ် ကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အတွင်း ဆန် ၁၂၉ တန် (တန်ဖိုး သုည ဒသမ ၀၇၃ ဒေါ်လာသန်း)၊ ပြောင်း ၄၈၁ တန် (တန်ဖိုး သုည ဒသမ ၁၂၄ ဒေါ်လာသန်း)၊ ရော်ဘာ ၄၉၅ တန် (တန်ဖိုး သုည ဒသမ ၆၈၈ ဒေါ်လာသန်း)၊ တစ်သျှူးငှက်ပျော ၄၁၆ တန် (တန်ဖိုး သုည ဒသမ ၁၅၁ ဒေါ်လာသန်း)၊ ဖရဲသီး ၅၉၀ ဒသမ ၅၀ တန် (တန်ဖိုး သုည ဒသမ ၀၈၅ ဒေါ်လာသန်း)၊ သခွားမွှေး ၂၆၂ တန် (တန်ဖိုး သုည ဒသမ ၀၅၅ ဒေါ်လာသန်း)၊ ကြံ ၁၆၅ တန် (တန်ဖိုး သုည ဒသမ ၀၀၇ ဒေါ်လာသန်း) နှင့် ရှောက်ကောသီး ၁၀ တန် (တန်ဖိုး သုည ဒသမ ၀၀၉ ဒေါ်လာသန်း) တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် ဆေးဝါးပစ္စည်း အခု ၅၀၀၂၄၀ (တန်ဖိုး သုည ဒသမ ၀၆၄ ဒေါ်လာသန်း)၊ စက္ကူလိပ် ၄၆ တန် (တန်ဖိုး သုည ဒသမ ၀၂၀ ဒေါ်လာသန်း)၊ ကော်စေ့ ၉ ဒသမ ၃၀ တန် (တန်ဖိုး သုည ဒသမ ၀၀၇ ဒေါ်လာသန်း)၊ ထွန်စက် သုံးစီး (တန်ဖိုး သုည ဒသမ ၀၁၃ ဒေါ်လာသန်း)၊ အိတ် ငါးတန် (တန်ဖိုး သုည ဒသမ ၀၀၅ ဒေါ်လာသန်း)၊ ချည် ၁၂၆ ဒသမ ၉၀ တန် (တန်ဖိုး သုည ဒသမ ၀၇၇ ဒေါ်လာသန်း)၊ တစ်သျှူးလိပ် ၁၅ တန် (တန်ဖိုး သုည ဒသမ ၀၃၀ ဒေါ်လာသန်း)၊ မြက်ခင်းတုခုနစ်တန် (တန်ဖိုး သုည ဒသမ ၀၀၅ ဒေါ်လာသန်း)၊ ပတ္တာကြိုး ၁၄ တန် (တန်ဖိုး သုည ဒသမ ၀၁၇ ဒေါ်လာသန်း)၊ ကြက်အူချောင်း ၁၄ တန် (တန်ဖိုး သုည ဒသမ ၀၀၂ ဒေါ်လာသန်း)၊ စောင် ၂၃ ဒသမ ၄၀ တန် (တန်ဖိုး သုည ဒသမ ၀၁၂ ဒေါ်လာသန်း)၊ သံခွေ ၁၅ တန် (တန်ဖိုး သုည ဒသမ ၀၁၀ ဒေါ်လာသန်း)၊ သံချောင်း ၁၅ တန် (တန်ဖိုး သုည ဒသမ ၀၁၀ ဒေါ်လာသန်း)၊ ချပ်စက္ကူ ၇၇ တန် (တန်ဖိုး သုည ဒသမ ၀၃၀ ဒေါ်လာသန်း)၊ ဖော့ ၃၅ တန် (တန်ဖိုး သုည ဒသမ ၀၁၉ ဒေါ်လာသန်း) နှင့် ကုန်စုံ ၂၇၇၁၃ ခု၊ တန်ချိန် ၂၂၇ ဒသမ ၂၀ တန် (တန်ဖိုး သုည ဒသမ ၂၀၅ ဒေါ်လာသန်း) တင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဒီဇင်ဘာ ၁၀ ရက်တွင် တစ်ယွမ်လျှင် ၄၆၅ ကျပ်ဖြစ်ကြောင်း သိရသည်။

## ကန့်ဘလူခရိုင်အတွင်း ဖြစ်ပေါ်နေသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများ

**ကန့်ဘလူ ဒီဇင်ဘာ ၁၁**

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းများ ပိုမိုကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စိုက်ပျိုးသူ တောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိသည်။

ကန့်ဘလူ ခရိုင်အတွင်းရှိ စိုက်ပျိုးတောင်သူများ ဝယ်ယူအသုံးပြုလျက်ရှိသော စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ ပန်းဖူး ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၈၈၀၀၀၊ မျှားကမ္ဘာ ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ ကွန်ပေါင်း(၁၀:၁၀:၅) ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ ကွန်ပေါင်း (၁၅:၁၅:၁၅) ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ ပိုတက် ၅၀ ကီလိုဂရမ် တစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀ နှင့် ရွှေတောနစ် ၅၀၀ စီစီ တစ်ဘူးလျှင် ကျပ် ၁၂၀၀၀၊ မိုရယ်လ်မုန်း ၅၀၀ စီစီ တစ်ဘူးလျှင် ကျပ်၂၅၅၀၀၊ ဟတ်ကာ ၅၀၀ စီစီ တစ်ဘူးလျှင် ကျပ် ၂၄၅၀၀၊ အေပီ-ဇာပြာ (AP-Zapya) ၅၀၀ စီစီ တစ်ဘူးလျှင် ကျပ် ၂၁၀၀၀ဖြင့် ရောင်းချလျက်ရှိကြောင်း စိုက်ပျိုးရေးသုံးဆေးနှင့် ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်ထံမှ သိရသည်။



## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကံပိုင်တည် ဒီဇင်ဘာ ၁၁**

ကံပိုင်တည် ကုန်သွယ်ရေးစခန်းအနေဖြင့် တရုတ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၅ ဒသမ ၁၆၉ ဒေါ်လာသန်းနှင့် သွင်းကုန် ၁ ဒသမ ၂၀၂ ဒေါ်လာသန်း စုစုပေါင်း ၆ ဒသမ ၃၇၁ ဒေါ်လာသန်း ဖြစ်သည်။

ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ကံပိုင်တည် ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောအား ဈေးနှုန်းတစ်တန်လျှင် ယွမ် ၂၅၃၀/ ၃၄၅ ဒေါ်လာတို့ဖြင့် တန်ချိန် ၁၃၀၅၀ (တန်ဖိုး ၄ ဒသမ ၅၀၁ ဒေါ်လာသန်း)၊ ရော်ဘာစိမ်းတင်ပို့မှုအနေဖြင့် တန်ချိန် ၁၉၃ တန် (တန်ဖိုး သုည ဒသမ ၂၆၁ ဒေါ်လာသန်း)၊ ဖရဲသီး တန်ချိန် ၄၄၅ တန် (တန်ဖိုး သုည ဒသမ ၀၆၃ ဒေါ်လာသန်း)၊ ရှောက်ကောပါကော တင်ပို့မှုအနေဖြင့် တန်ချိန် ၂၀ (တန်ဖိုး သုည ဒသမ ၀၂၂ ဒေါ်လာသန်း) နှင့် ဆန်တန်ချိန် ၅၇၂ တန် (တန်ဖိုး သုည ဒသမ ၃၂၂ ဒေါ်လာသန်း) တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြားနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း တန်ချိန် ၃၉ တန် (တန်ဖိုး သုည ဒသမ ၁၃၁ ဒေါ်လာသန်း)၊ လုပ်ငန်းသုံးပစ္စည်း တန်ချိန် ၃၁၁ တန် (တန်ဖိုး သုည ဒသမ ၈၇၂ ဒေါ်လာသန်း)နှင့် လူသုံးကုန်ပစ္စည်း တန်ချိန် ၂၇၁ တန် (တန်ဖိုး သုည ဒသမ ၂၀၀ ဒေါ်လာသန်း) တို့ တင်သွင်းနိုင်ခဲ့သည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၁၁.၁၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၉၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၅ | လှိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၅၇၀ | ၁၄၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၆၀၀၀ | ၅၁၁၅ | ၁၆၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၃၀၀ | | ၅၄၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၄၃၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၄၃၀၀ | ၁၆၀၀၀ | ၅၂၅၀ | ၁၁၀၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | ၃၈၀၀ | ၂၇၅၀ | ၆၀၀၀ | ၁၉၀၀၀ | ၅၄၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | |
| ၁၃ | ဟားခါး | ၆၁၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၆၂၀၀ | ၂၀၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၈၀၀ | ၁၂၅၀၀ | ၅၄၇၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၀၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၄၄၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၉၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၄၇၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၁၅၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာများ၊ Printer Catridges များနှင့် Copier Catridges များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.17.Stationery (2023-2024) |
| တင်ဒါစတင်သည့်ရက် | - | ၁၃-၁၂-၂၀၂၃ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၇-၁၂-၂၀၂၃ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇ ၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ ပုဂံလမ်း၊ မြေကွက်အမှတ်-၁၇၇(က)၊ အကျယ်အဝန်း(၂၂ပေx၆၀ပေ)၊ (၁၃၂၀)စတုရန်းပေအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးချစ်ထွေး [၁၂/သဃက(နိုင်)၀၈၂၀၀၆] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ ဒေါ်ငွေတင် [၁၂/သဃက(နိုင်) ၀၄၄၆၈၂] က အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (LL.B,D.B.L, )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၀၅၈၅၅၃၃**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၈)၊ မြေကွက်အမှတ်(၁၂၃၂/က)၊ မြေကွက်တည်နေရာအမှတ်(၁၂၃၂/က)၊ ကွမ်းအပ်သာမင်းသားလမ်း၊ (၈၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးချစ်(ISN-၄၆၇၉၉၈) အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးချစ်(ISN-၄၆၇၉၉၈)ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့်ဝယ်ယူသူ ဦးသိန်းညွန့်ရွှေ [၆/ကစန(နိုင်)၀၁၀၁၄၇] မှဓာတ်ပုံမှတ်တမ်းပျက်စီးနေသည့်ပါမစ်မူရင်း (မူရင်းတုံးပါ) တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာဆောက်လုပ်ဆဲ ၃ထပ် RC တိုက်(၁)လုံးရှိပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဦးသိန်းညွန့်ရွှေမှ ပါမစ်ဓာတ်ပုံပျက်စီးတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁/၁၀)၊ ပိတောက် (၁) လမ်း၊ အမှတ် (၁၀၉) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၄၀ x ၆၀) ပေအနက်မှ ပေ (၂၀x ၆၀) ခြေရင်းခြမ်းရှိ ဦးမောင်ဝင်းအမည်ပေါက် ပါမစ်မြေကွက်အား တရားဝင်ဝယ်ယူထားပြီး ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခင်စန်းဝင်း (TKA - ၀၇၀၇၆၁) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်းပိုင်ဆိုင်မှု စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်သီတာအောင်** | **ဒေါ်မြင့်မြင့်အောင် (LL.B) တရားလွှတ်တော်ရှေ့နေ** |
| **[၁၂/လသယ(နိုင်)၀၈၅၁၀၄]** | **(စဉ်-၁၅၅၅၄) (၂၇-၆-၂၀၁၉)** |
| | **၂၂/က၊ အောင်ချမ်းသာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။** |
| | **ဖုန်း - ၀၉-၄၃၀၅၇၈၀၇၊ ၀၉-၇၇၆၆၀၃၈၈၅** |

## ပတ်စ်ပို့ပျောက်

(ဘ)ဦးဇော်လွမ်း၏သား မောင်ငွမ်ဆန်အောင် [၁၃/ကခန(နိုင်) ၀၉၀၈၀၉]၏ နိုင်ငံကူးလက်မှတ်အမှတ် (MA557703) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-404088287**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)GPဦးဝင်းအောင်၏အရောင်းမြေပုံကူးတွင် GPဦးဝင်းအောင်အစား SPဦးဝင်းအောင်ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဈေးကြွယ်(က)ရပ်ကွက်၊ မနောဟရလမ်း၊ အမှတ်-၁၄ ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်မှ ၄-လွှာ(ယာ)တိုက်ခန်းကို လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း မြွက်ဟကြေညာရောင်းချသူ ဒေါ်မြင့်မြင့်ဌေး [၉/မနတ(နိုင်)၀၇၈၀၇၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်တွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နွေးနွေးလင်း (စဉ်-၄၁၃၀၈)** **ဒေါ်သဲစုကျော်(စဉ်-၃၈၅၃၃)**

**အထက်တန်းရှေ့နေများ**

**ရုံး၊အမှတ်-၂၂၅၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၆၄၄၈၀၀၊ ၀၉-၅၅၀၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂၊ ခိုင်သဇင်လမ်း၊ မြေကွက်အမှတ်-၉၀/ခ ဟုခေါ်တွင်သော ဧရိယာ(၂၅ပေx၆၀ပေ)ရှိဦးစိုးတင့်(HGU-၁၃၀၇၉၅) [၁၂/ဒဂတ(နိုင်)၀၁၈၁၆၁]အမည်ပါ မြေချပါမစ်မြေကွက်ကိုလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း မြွက်ဟကြေညာရောင်းချသူ ဦးခင်မောင်ဝင်း [၁၁/ကဖန(နိုင်)၀၆၃၀၃၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်တွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နွေးနွေးလင်း (စဉ်-၄၁၃၀၈)** **ဒေါ်သဲစုကျော်(စဉ်-၃၈၅၃၃)**

**အထက်တန်းရှေ့နေများ**

**ရုံး၊အမှတ်-၂၂၅၊ ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၆၄၄၈၀၀၊ ၀၉-၅၅၀၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့ရပ်ကွက်၊ သီရိရတနာလက္ကားဈေး၊ Building (M)၊ အခန်းအမှတ် ( ၅၁ )ဟုခေါ်တွင်သော အကျယ်အဝန်း (၁၄ ပေ x ၄၅ ပေ)ရှိ (၂)ထပ်ဆိုင်ခန်းအဆောက်အဦနှင့်ယင်းဆိုင်ခန်းရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်လွင် [၁၂/ဗဟန(နိုင်) ၀၈၀၅၉၂] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အေးမင်းသန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ်- ၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပန်းတနော် ဒီဇင်ဘာ ၁၁**

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်း အားကစားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျင်းပပြုလုပ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂နာရီက မြို့မဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။



အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်/ ကျေးရွာအုပ်စုတို့မှ စုစုပေါင်း ၁၆ သင်းဖြင့် လေးသင်း၊ လေးအုပ်စုဖြင့် ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကာလမှာ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယနေ့ ပထမပွဲစဉ်အဖြစ် ဌာနဆိုင်ရာအသင်းနှင့် ရုံးတောအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# MFF Women's Futsal Championship 2023 ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

MFF Women's Futsal Championship 2023 ပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က ဆက်လက်ကျင်းပသည်။

ဒီဇင်ဘာ ၁၀ ရက်ကကျင်းပသည့်ပွဲတွင် ရန်ကုန်လူငယ်အသင်းက Burmese Bees အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသည့်ပွဲများတွင် Divine အသင်းက Burmese Bees အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ YRG အသင်းက ရန်ကုန်လူငယ်အသင်းကို ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပြိုင်ပွဲတွင် Burmese Bees အသင်းမှာ ရှုံးပွဲဆက်နေပြီး Divine အသင်း၊ YRG အသင်းနှင့် ရန်ကုန်လူငယ်အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

ပထမအကျော့နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်လူငယ်အသင်းနှင့် Divine အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - MFF



## ပျောက်ဆုံးကြောင်း

မွန်အရှင်သမာဓိ [၃/ဘအန(သ)၀၀၄၄၃၅] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မွန်အရှင်သမာဓိ**
**09-988965206**

## ဖခင်အမည်မှန်

တာမွေမြို့နယ်၊ (အ.ထ.က-၂) အဋ္ဌမတန်း (A) တွင် ပညာသင်ကြားနေသော မအင်ကြင်းမြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမြတ်စိုး [၁၄/ဒဒရ(နိုင်)၁၁၁၉၈၂] ဖြစ်ပါသည်။

## အမည်မှန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ထိရောက်ကိုယ်ပိုင် အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော (ဘ) ဦးသိန်းမင်း [၁၂/မရက(နိုင်)၁၁၅၇၈၈]၏ သမီး မသိမ့်သီရိမေမောင်၏ အမည်မှန်မှာ မသီရိသံစဉ် ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာမြောက်ဥက္ကလာပမြို့နယ်၊ဒေါ်လှဲ့လှဲ့ဝင်း၏ပိုင်ဆိုင်မြေပုံကူးတွင်မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈)အစားမြေတိုင်းရပ်ကွက်အမှတ်(၇)ဟုအမှန်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ကေရှိ မြေကွက်အမှတ်-ပ-၃၁၇၇၅ ၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးနေလင်းဦး [၉/ပမန(နိုင်)၀၁၅၁၈၂] အဖအမည် ဦးထွန်းကြိုင်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)၊ မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအောင်သန်းစိုး နှင့် ဦးအောင်မျိုးခိုင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ (၃၀-၁၁-၂၀၂၃) ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဦးဇော်ဇော်ဟန်နှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိကိုတို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ကန့်ကွက်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ်(၁၂)နေ ဒေါ်နော်ဂေးဖောထူး [၁၂/မရက(နိုင်) ၁၁၄၄၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများ သိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ်(၁၂)၊ အကျယ်အဝန်း (၂၀x၄၀)စတုရန်းပေရှိသော မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်ဂေးဖောထူးက ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသော ပိုင်ဆိုင်ကြောင်းကြေညာသည့် စာချုပ်စာတမ်းများအရ တရားဝင်ပိုင်ဆိုင်သည့်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ပေါ်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်ဂေးဖောထူး၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဦးအောင်သန်းစိုးနှင့် ဦးအောင်မျိုးခိုင်တို့ ညီအစ်ကိုက (၅)ထပ်ရှိသော ကန်ထရိုက်တိုက်အဆောက်အဦကို ဆောက်လုပ်ချက်၊ အခန်းများခွဲဝေပေးခြင်း၊ ရောင်းချခြင်းများကို ပြုလုပ်လျက်ရှိကြောင်း (၃၀-၁၁-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာအရ သိရှိရပါသည်။ ထို့ကြောင့် ဒေါ်နော်ဂေးဖောထူး၏ ခွင့်ပြုချက်မရှိဘဲ ၎င်းပိုင်မြေပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်း၊ အခန်းများရောင်းချခြင်းကို လုံးဝခွင့်မပြုပါကြောင်း၊ ကန့်ကွက်ပါကြောင်းနှင့် ဥပဒေအရလည်း ဒေါ်နော်ဂေးဖောထူးက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ဦးအောင်သန်းစိုး၊ ဦးအောင်မျိုးခိုင်တို့ ညီအစ်ကိုနှင့် အများသိစေရန် အသိပေး ကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှမြင့် (B.A. H.G.P, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၇၇)**
**အခန်း(၄၀၈)၊ တိုက် (B-12)၊ ရှုခင်းသာအဆင့်မြင့်အိမ်ရာ၊**
**ရှုခင်းသာမြို့ပတ်လမ်း၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၀၈၇၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၉၊ မြေကွက်အမှတ်- ၆၈၆၊ မြေကွက်တည်နေရာအမှတ် (၆၈၆)၊ ကျော်သူလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ရင်မြ [၁၂/ဥကတ(နိုင်)၀၂၃၂၀၅]၊ ဦးဟန်လင်း [၁၂/ဥကတ(နိုင်)၀၂၁၄၇၁] အမည်ပေါက် ဦးဟန်လင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရင်မြ [၁၂/ဥကတ(နိုင်)၀၂၃၂၀၅]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၉၊ မြေကွက်အမှတ်-၆၈၅/ခ၊ မြေကွက်တည်နေရာအမှတ် (၆၈၅/ခ)၊ ကျော်သူလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဟန်လင်း [၁၂/ဥကတ(နိုင်)၀၂၁၄၇၁]၊ ဒေါ်ရင်မြ [၁၂/ဥကတ(နိုင်)၀၂၃၂၀၅] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဦးဟန်လင်းနှင့် ဒေါ်ရင်မြတို့ (၂)ဦး အနက် ဦးဟန်လင်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ရင်မြမှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကောလိယ(၂၁)လမ်း၊ မြေကွက်အမှတ်(၄၄၈)ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း(ဂရန်မူရင်းခြမ်း) (၁၀x၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှအောင် ၏ဇနီး ဒေါ်ညိမ်းကျင် [၁၂/ဥကတ(နိုင်)၀၆၄၄၅၁] ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးဟန် [၁၂/ဥကတ(နိုင်)၁၅၉၅၆၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်းကြိုင် [၁၁/မပတ(နိုင်)၀၃၁၄၁၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၅/၂၇-၄-၂၀၁၇)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းဝင်း၏သမီး မခင်ဖြိုးအောင် [၁၂/ရပသ(နိုင်)၁၁၁၅၁၄] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-759633857**

## ဖခင်အမည်မှန်

ပညာရွှေပြည်ကျောင်း၊ G-7 မှ မောင်စိုးသူရလွင်၏ ဖခင် အမည်မှန်မှာ ဦးဆလင် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မဟာဆွေ(၂)လမ်းနှင့် ဦးဩလမ်းသွယ်(၂)လမ်းထောင့်၊ အမှတ် (၁၆၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ မြေကွက်အမှတ် (၁၆၈)၊ ဧရိယာ (၀.၀၅၅) ကေရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဦးတင်ဌေး [၁၂/အလန(နိုင်)၀၂၉၆၃၅]ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၈-၁၁-၂၀၂၃)ရက်နေ့က ဝယ်ယူ၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းများမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်- ၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၀၊ မြေကွက်အမှတ် (၄၁.A) ဒေါ်စန်းရီ အမည်ပေါက် မြေပိုင်မြေဟုခေါ်သည့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အနောက်ပုလဲဂေဟာလမ်း၊ အမှတ်(၁) မြေကွက်ပေါ်တွင်တည်ဆောက်ထားသော (၁)ခန်းတွဲ (၅)ထပ်တိုက်၏ စတုတ္ထထပ် (၅)လွှာတိုက်ခန်း အကျယ်အဝန်း (အလျား ၂၀ပေx အနံ ၅၆ပေ)ရှိ တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းတွင်တပ်ဆင်ထားရှိသော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေစက်၊ အဲယားကွန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုနွယ်နီ [၁၂/ကမရ(နိုင်)၀၅၆၅၂၁] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းမြင့် [၁၂/ကမရ(နိုင်)၀၀၈၅၀၃] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း စာရွက်စာတမ်း(မူရင်း)ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် (နှစ်ပတ်)အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမြင့်[၁၂/ကမရ(နိုင်)၀၀၈၅၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး- တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈)(၄-၁၂-၁၉၈၄)**
**တိုက်- ၉/၁၁၊ ပထပ်(စီ)၊ ၃၆-လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၂၅၀၀၂၈၉၂၊၀၉-၄၄၃၀၂၁၈၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(6-A)၊ အခန်းအမှတ်(၀၃၀၄)၊ LEVEL(3)၊ ဓာတ်လှေကားပါဝင်သော RC(၁၈)ထပ် အဆောက်အဦမှ ဧရိယာ(၆၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင် ပါရှိသော အကျိုးခံစားခွင့်ရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြင့်မြင့်စန်း [၁၀/မလမ(နိုင်)၀၂၂၁၃၅] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးဟန်ဝင်းထွန်း [၁၂/သကတ(နိုင်)၁၅၃၉၂၁] နှင့် ဒေါ်ရီရီမွန် [၁၂/သကတ(ဧည့်)၀၀၀၀၈၁] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်ဝင်းထွန်းနှင့် ဒေါ်ရီရီမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း- ၀၉-၅၄၀၁၉၄၀** | **ဖုန်း- ၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဌာနအခေါ် လူနေရပ်ကွက်အမှတ် နဝရတ်ဥယျာဉ်အိမ်ရာ၊ မြေတိုင်းရပ်ကွက်(၁၀/တောင်)၊ မြေကွက်အမှတ်(၂၈)၊ အရပ်အခေါ်အမှတ်(၃၃)၊ နဝရတ်ဥယျာဉ်အိမ်ရာ၊ နဝရတ်လမ်း၊ (၁၀/တောင်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဧရိယာ(၀.၁၂၁)ကေ၊ (၅၂၈၀)စတုရန်းပေအကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးအောင်မြင့်(ကွယ်လွန်) အမည်ပေါက်နေပြီး ၎င်း၏ အမွေဆက်ခံပိုင်ဆိုင်သူ ဇနီး ဒေါ်ညိုညို [၁၂/လမတ(နိုင်) ၀၁၇၉၁၆] ထံမှ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးကျော်ထက်အောင် [၁၂/ပဇတ(နိုင်)၀၃၃၄၁၅]၊ ဒေါ်ရီရီမွန် [၁၂/သကတ(ဧည့်)၀၀၀၀၈၁] နှင့် ဦးဟန်ဝင်းထွန်း [၁၂/သကတ(နိုင်)၁၅၃၉၂၁] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကျော်ထက်အောင်၊ ဒေါ်ရီရီမွန်နှင့် ဦးဟန်ဝင်းထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၆၅)** |
| **ဖုန်း- ၀၉-၅၄၀၁၉၄၀** | **ဖုန်း- ၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## ဝန်ကြီးရုံး
## ရုံးအမှတ်(၃၅)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၁ ) ရက်

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု) တွင် လစ်လပ်လျက်ရှိသော (လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်း စာရေး ရာထူး(၆)နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ခန့်ထားမည့်ရာထူး | ပညာအရည်အချင်း | ခန့်ထားမည့် အရေအတွက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ | (၆)နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) လျှောက်လွှာပိတ်သည့်နေ့ ၂၉-၁၂-၂၀၂၃ ရက်နေ့၌ ကျန်းမာရေးကောင်းမွန်၍ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ [ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်ရ။]

( ဂ ) ပါတီနိုင်ငံရေး ကင်းရှင်းသူဖြစ်ရမည်။

(ဃ) ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ ဦးစားပေးခန့်ထားမည်။

၃။ လျှောက်လွှာတွင် ဓာတ်ပုံကာလာ (၃)ပုံ (၁'' x ၁.၂၅'') ပူးတွဲလျက် အောက်ဖော်ပြပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊

( ခ ) မွေးသက္ကရာဇ်နှင့် အသက်၊

( ဂ ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊

(ဃ) ပညာအရည်အချင်း၊

( င ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊

( စ ) အိမ်ထောင် ရှိ/မရှိ၊

(ဆ) လက်ရှိနေထိုင်သည့်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊

( ဇ ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲပါ ရှိရမည်-

(က) ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်း အထောက်အထား (ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)၊

( ခ ) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ် နေထိုင်လျက်ရှိပါကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူး၏ တစ်ပတ်အတွင်း ထောက်ခံစာမူရင်း၊

( ဂ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာနယ်မြေရဲစခန်း၏ တစ်ပတ်အတွင်း ထောက်ခံချက်မူရင်း၊

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ (ပြင်ပပုဂ္ဂိုလ်များအတွက်သာ)၊

( င ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအမှူး၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်သို့လိပ်မူ၍ ၂၉-၁၂-၂၀၂၃ ရက်နေ့အထိ နောက်ဆုံးထား ပေးပို့လျှောက်ထားရန်နှင့် သတ်မှတ်ရက်ထက်ကျော်လွန် ပေးပို့လာသောလျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ စာရွက်စာတမ်းအထောက်အထား မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန **Website www.moculture.gov.mm** တွင် ကြေညာပေးထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ခုံအမှတ်ကတ်ပြားများကို ရေးဖြေစာမေးပွဲဖြေဆိုမည့်နေ့ရက်မတိုင်မီ (၀၉:၃၀) နာရီမှစ၍ ရုံးချိန်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ၊ ရုံးအမှတ်(၃၅) (နေပြည်တော်) တွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ဖြင့် လာရောက်ဆက်သွယ်ထုတ်ယူရန်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းတို့ကိုအောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည် -

(က) ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၁၇-၁-၂၀၂၄ ရက်၊ ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီ အချိန်အထိ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ) ဘာသာရပ်များ ဖြေဆိုခြင်း၊

( ခ ) လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်မှုစစ်ဆေးခြင်းတို့ကို ၁၈-၁-၂၀၂၄ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် စစ်ဆေးခြင်း။

၈။ ရေးဖြေ/လူတွေ့စစ်ဆေးခြင်းများပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနမှ တိုက်ရိုက်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website **www.moculture.gov.mm** တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု)၊ ရုံးအမှတ်(၃၅)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ပြီး ဖုန်း (၀၆၇-၄၀၈၂၈၃၊ ၀၆၇-၄၀၈၀၃၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်အိမ်ရာစီမံကိန်း (StarCity)အတွင်းရှိ (City Loft)၊ တိုက်အမှတ် (CL–3)(B1)၊ အခန်းအမှတ် (၃၀၁)၊ (၃လွှာ)၊ Type(2 Bedroom)၊ အကျယ်အဝန်း (၇၁၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြမိုးသက် [၉/မတရ(နိုင်)၂၁၈၅၉၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဖြိုးပြည့်ဟန် [၅/မလန(နိုင်)၀၃၁၆၈၄]+ ဒေါ်မြမြချယ် [၅/မလန(နိုင်)၀၃၆၈၇၅]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဖြိုးပြည့်ဟန်+ဒေါ်မြမြချယ် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၀၄၇၉)**
**အမှတ် (၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၉၉၆၃၄၆၃၆၊ ၀၉–၄၃၀၆၃၅၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်အိမ်ရာစီမံကိန်း (Star City) အတွင်းရှိ သန်လျင်ကြယ်စင်အိမ်ရာ၊ တိုက်အမှတ် (အေ– ၄)၊ အခန်းအမှတ် (၇၁၉)၊ (၇လွှာ)၊ Type(C)၊ အကျယ်အဝန်း (၆၂၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သဉ္ဇာမော် [၁၂/ပဇတ(နိုင်)၀၀၁၂၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခိုင်သဉ္ဇာမိုး [၁၃/နမတ(နိုင်)၀၄၇၀၅၉] မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်သဉ္ဇာမိုး ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၀၄၇၉)**
**အမှတ် (၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၉၉၆၃၄၆၃၆၊ ၀၉–၄၃၀၆၃၅၅၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– စံချိန်မှီ အဆင့်– ၂၊ မြေကွက်အမှတ်– ၉၀၁၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဒေါ်ညွှန့်ညွှန့်ဌေး [၁၂/ဒဂရ(နိုင်)၀၀၅၀၅၅]** အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– စံချိန်မှီ အဆင့်– ၂၊ မြေကွက်အမှတ်– ၉၀၂၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးကျော်ဇင်မျိုး [၁၂/ကတန(နိုင်)၀၇၃၈၇၈]** အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– စံချိန်မှီ အဆင့်– ၂၊ မြေကွက်အမှတ်– ၉၀၃၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဦးကျော်ဇင်မျိုး [၁၂/ကတန(နိုင်)၀၇၃၈၇၈]** အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ပါအပိုဒ် (၁)မှ အပိုဒ် (၃)အထိ ဖော်ပြထားသော မြေကွက် (၃)ကွက်ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ထားရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဇင်လတ် [၁၂/ဒဂမ(နိုင်)၀၁၄၃၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးထွန်း [၁၂/သဃက(နိုင်)၀၃၈၅၆၅]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအပိုဒ် (၁)မှ အပိုဒ် (၃)အထိ ဖော်ပြထားသော မြေကွက် (၃)ကွက်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက် (၃)ကွက်၏ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးအေးထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထင်ကျော်** | **ဒေါ်သက်လေးချို** |
| **B.Sc., H.G.P, R.L** | **LL.B., D.B.L, D.I.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၅၃၁၅)** | **(စဉ်–၁၀၂၀၈)** |

**အမှတ်–၁၃၈၊ ပထမထပ်၊ ၃၂–လမ်း(လယ်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၂၄၃၅၆၈၊ ၀၉–၅၁၈၆၀၂၁ ၊ ၀၉–၄၂၀၀၂၄၂၈၉**

## "MANDALAY GOURMET DEVELOPMENT COMPANY LIMITED"

## ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ( ၈ )ရက်နေ့တွင်ကျင်းပသော ဒါရိုက်တာများအားလုံးတက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ စာရင်းရှင်းတမ်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်မျိုးနေဇာထံသို့ (၁၅–၁–၂၀၂၄)ရက်နေ့ နောက်ဆုံးထားစာရင်းရှင်းတမ်းပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မျိုးနေဇာ**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## "GOURMET INTERNATIONAL GROUP MYANMAR COMPANY LIMITED"

## ကုမ္ပဏီတရားဝင်ဖျက်သိမ်းခြင်း

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့တွင်ကျင်းပသော ဒါရိုက်တာများအားလုံးတက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ စာရင်းရှင်းတမ်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်မျိုးနေဇာထံသို့ (၁၅–၁–၂၀၂၄)ရက်နေ့ နောက်ဆုံးထား စာရင်းရှင်းတမ်းပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မျိုးနေဇာ**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ မြစန္ဒာ(၂)လမ်း၊ အမှတ် (၁၉) ဟုခေါ်တွင်သော အလျား (၃၀)ပေ အနံ(၄၅)ပေ အကျယ်ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်နေအိမ်တစ်လုံး ရေ၊ မီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်လဲ့လဲ့သင်း [၁၂/လသန(နိုင်)၀၀၃၉၅၀]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဌေးဝင်း [၁၂/အလန(နိုင်)၀၀၅၄၈၃]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မူမူအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၃၄၆)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း– ၀၉–၄၃၁၉၀၀၈၂**

## "အထူးကိုယ်စားလှယ်လွှဲစာ လက်ခံရယူထားခြင်းအား ပယ်ဖျက်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးအေးခိုင် [၁၂/သဃက(နိုင်) ၀၀၇၀၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဗျာမဆာနှင့် အများသိစေအပ်ပါသည်။

